ကလေးများ
အတွက်
လက်ဆောင်မွန်

ဗုဒ္ဓဘာသာ
ယဉ်ကျေးမှုပဒေသာ

မန္တလေး (ဦးဝင်းလှိုင်)
ပြုစုသည်

ပင်လုံစာပေ အမှတ်စဉ် (၉)

အမှတ် ၃၉၊ ၁ လမ်း၊ ၁၀ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

F. 1

ဘာသာရေးဆိုင်ရာခွင့်ပြုချက် အမှတ် (၉၈၇၇)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ပဒေသာ

ရေးသားပြုစုသူ — မန္တလေး ဦးဝင်းလှိုင်
အထွေထွေအကူအညီ .... မောင်တင်မြ (ဂိုက်ဦး)
မျက်နှာဖုံးပန်းချီ .... ဦးသိန်းဟန်
ဘလောက် — သိန်းဘလောက်တိုက်
အဖုံးရိုက် .... သိန်းမြင့်ဝင်း
စာအုပ်ချုပ် — ကြိုင်မိသားစု
ဖြန့်ချိရေး .... ပင်လုံစာပေ
အကြိမ် .... ပထမအကြိမ်
အုပ်ရေ ၃၀၀၀
ခုနှစ် .... ၁၉၇၇ - ခု၊ ဂျွန်
တန်ဖိုး .... ၆-ကျပ်

ထုတ်ဝေသူ

ဦးအောင်ကွင်ဦး၊ ပင်လုံစာပေ (၀၈၄၁)
အမှတ် ၃၉၊ ၁ လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။

ပုံနှိပ်သူ

ဦးကျောက်လုံး (မြ ၀၁၄၁၈) ရာကျော်ပုံနှိပ်တိုက်
အမှတ် ၂၁၃/၃၈ လမ်း၊ ရန်ကုန်မြို့။

ကလေးများအတွက် လက်ဆောင်မွန်

ဗုဒ္ဓဘာသာ
ယဉ်ကျေးမှု ပဒေသာ

မန္တလေး {ဦးဝင်းလှိုင်}
ပြုစုသည်။

တန်ဖိုး ၆—ကျပ်။

မာတိကာ

၁။ ဘုရားပွဲ

၂။ ငါးပါးသီလ ဆောက်တည်ပုံ

(က) ရတနာသုံးပါး ကန်တော့ခန်း

(ခ) ဆုတောင်းခန်း

(ဂ) ငါးပါးသီလတောင်းရန်ပါဠိ

(ဃ) နမောတဿ ဘုရားရှိခိုးရန်

(င) ငါးပါးသီလ ဆောက်တည်ရန်

၃။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူရန်

(က) ဆွမ်းကပ်ရန်

(ခ) ပန်းကပ်ရန်

(ဂ) ရေချမ်းကပ်ရန်

(ဃ) ဆီမီးကပ်ရန်

(င) ဆုတောင်းရန်

၄။ ဘုရားဂုဏ်တော်ကိုးပါး

၅။ တရားဂုဏ်တော်ခြောက်ပါး

၆။ သံဃာ့ဂုဏ်တော်ကိုးပါး

၇။ သမ္ဗုဒ္ဓေဂါထာတော်

၈။ လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ခုနစ်နေ့ ဘုရားရှိခိုး

၉။ အနန္တောအနန္တငါးပါးပါဠိ
၁၀။ အနန္တောအနန္တငါးပါး ဘုရားရှိခိုး
၁၁။ ရေစက်ချ အမျှဝေ
၁၂။ မေတ္တာပို့
၁၃။ ရှစ်ပါးသီလ ခံယူဆောက်တည်ပုံ
(က) ရှစ်ပါးသီလ တောင်းခံရန်ပါဠိ
(ခ) ဘုရားရှိခိုးရန်ပါဠိ
(ဂ) သရဏဂုံ ဆောက်တည်ရန်ပါဠိ
(ဃ) ရှစ်ပါးသီလ ဆောက်တည်ရန်ပါဠိ
၁၄။ ဆယ်ပါးသီလ ခံယူတည်ဆောက်ပုံ
(က) ဆယ်ပါးသီလ တောင်းခံရန်ပါဠိ
(ခ) ဘုရားရှိခိုးရန်ပါဠိ
(ဂ) သရဏဂုံ ဆောက်တည်ရန်ပါဠိ
(ဃ) ဆယ်ပါးသီလ ဆောက်တည်ရန်ပါဠိ
၁၅။ ငါးပါးသီလ အဓိပ္ပါယ်
(က) ဩကာသအဓိပ္ပါယ်
(ခ) ကံသုံးပါး
(ဂ) ရတနာသုံးမျိုး
(ဃ) ရတနာသုံးပါးနှင့် ရှိခိုးကန်တော့ခြင်းတို့ အဓိပ္ပာယ်
(င) အပါယ်လေးပါး
(စ) ငရဲကြီးရှစ်ထပ်
(ဆ) ငရဲကြီးထံ ငရဲငယ်ရံ

(ဇ) ငရဲကြီးရှစ်ထပ်သံပေါက်
(ဈ) ကပ်သုံးပါး
(ည) ရပ်ပြစ်ရှစ်ပါး
(ဋ) ရန်သူမျိုးငါးပါး
(ဌ) ဝိပ္ပတ္တိတရားလေးပါး
(ဍ) ဗျသနတရားငါးပါး
(ဎ) မဂ်ဥာဏ်+ဖိုလ်ဥာဏ်+နိဗ္ဗာန်
(ဏ) မဂ်(၄)ပါး
(တ) ဖိုလ်(၄)ပါး
(ထ) ငါးပါးသီလတောင်း (မြန်မာပြန်)
(ဒ) နမောတဿ ဘုရားရှိခိုး (မြန်မာပြန်)
(ဓ) သရဏဂုံသုံးပါး (မြန်မာပြန်)
(န) ငါးပါးသီလ (မြန်မာပြန်)

၁၆။ ငါးပါးသီလ ကျိုးလွန်သူတို့ ရရှိနိုင်သောအပြစ်များ (လက်ာ)

(က) ပါဏာတိပါတာ
(ခ) အဒိန္နာဒါနာ
(ဂ) ကာမေသုမိစ္ဆာစာရာ
(ဃ) မုသာဝါဒါ
(င) သုရာမေရယ

၁၇။ ငါးပါးသီလ ကျိုးလွန်ခြင်း၏ အပြစ်များ

(က) သူ့အသက်ကို သတ်ခြင်း၏ အပြစ်များ
(ခ) သူ့ဥစ္စာကို ခိုးယူခြင်း၏ အပြစ်များ

(ဂ) သုတပါး သားမယားအား ကျူးလွန်ခြင်း၏ အပြစ်များ
(ဃ) လိမ်လည်ပြောဆိုခြင်း၏ အပြစ်များ
(င) သေရည်သေရက် သောက်စားခြင်း၏ အပြစ်များ

၁၈။ ဘုရားဂုဏ်တော်(၉)ပါး (မြန်မာပြန်)
၁၉။ တရားဂုဏ်တော်(၆)ပါး (မြန်မာပြန်)
၂၀။ သံဃာဂုဏ်တော်(၉)ပါး (မြန်မာပြန်)
၂၁။ သမ္ဗုဒ္ဓေဂါထာတော် (မြန်မာပြန်)
၂၂။ အနန္တော အနန္တငါးပါးပါဠိ (မြန်မာပြန်)
၂၃။ ရှစ်ပါးသီလ
(က) ရှစ်ပါးသီလတောင်း (မြန်မာပြန်)
(ခ) ရှစ်ပါးသီလ (မြန်မာပြန်)
၂၄။ ဆယ်ပါးသီလ
(က) ဆယ်ပါးသီလတောင်း (မြန်မာပြန်)
(ခ) ဆယ်ပါးသီလ (မြန်မာပြန်)
၂၅။ သိင်္ဂါလောဝါဒသုတ်ကျင့်ဝတ်များ
(၁) သားသမီးကျင့်ဝတ် (၅)ပါး
(၂) မိဘကျင့်ဝတ် (၅)ပါး
(၃) တပည့်ကျင့်ဝတ် (၅)ပါး
(၄) ဆရာ့ကျင့်ဝတ် (၅)ပါး
(၅) လင့်ကျင့်ဝတ် (၅)ပါး

(၆) မယားကျင့်ဝတ် (၅)ပါး
(၇) မိတ်ဆွေကျင့်ဝတ် (၅)ပါး
(၈) အရှင်ကျင့်ဝတ် (၅)ပါး
(၉) ကျွန်ကျင့်ဝတ် (၅)ပါး
(၁၀) ဒါယကာကျင့်ဝတ် (၅)ပါး
(၁၁) ရဟန်းကျင့်ဝတ် (၆)ပါး

၂၆။ ဂိဟိဝိနယ ဆုံးမစာများ

(၁) ဥစ္စာပျက်ကြောင်းအပြစ် (၆)ပါး
(၂) အရက်သောက်ခြင်းအပြစ် (၆)ပါး
(၃) ညအခါ သွားလာခြင်းအပြစ် (၆)ပါး
(၄) ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ် (၆)ပါး
(၅) လောင်းကစားခြင်းအပြစ် (၆)ပါး
(၆) မိတ်ဆွေပျက်ခြင်းအပြစ် (၆)ပါး
(၇) ပျင်းရိခြင်းအပြစ် (၆)ပါး
(၈) နာယကဂုဏ် (၆)ပါး

၂၇။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်

(က) မင်္ဂလသုတ် အမွှန်းတင်ဂါထာ
(ခ) မင်္ဂလာတရားတော်ပါဠိ။

၂၈။ မင်္ဂလသုတ်အမွှန်းတင်ပါဠိ + မြန်မာပြန် + မင်္ဂလာ တရားတော် ကဗျာနိဒါန်း။

၂၉။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ပါဠိ + မြန်မာ ပြန် + မင်္ဂလာ ကဗျာ။

(၁) ဆက်ဆံရေးမင်္ဂလာ .... အသေဝနာစ
(၂) နေထိုင်ရေးမင်္ဂလာ .... ပတိရူပ
(၃) ပညာရေးမင်္ဂလာ .... ဗဟုဿစ္စဥ္စ
(၄) ပြုစုစောင့်ရှောက်ရေးမင်္ဂလာ .... မာတာပိတု
(၅) လိုက်နာကျင့်သုံးရေးမင်္ဂလာ .... ဒါနဥ္စ
(၆) ရှောင်ကြဉ်ခရေးမင်္ဂလာ .... အာရတိ
(၇) စိတ်နေစိတ်ထားရေးမင်္ဂလာ .... ဂါရဝေါစ
(၈) သည်းခံရေးမင်္ဂလာ .... ခန္တီစ
(၉) မြိုးခြံချွေတာရေးမင်္ဂလာ .... တပေါစ
(၁၀) စိတ်ဓါတ်ခိုင်ခန့်ရေးမင်္ဂလာ .... ဖုဋ္ဌဿ
(၁၁) မင်္ဂလာသုတ် အကျိုးတရား .... ဧတာဒိသာနိ

၃၀။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တနေ့တည်းနှင့် ကျင့်ဆောင်နည်း။

၃၁။ ဘာဝနာကမ္မဋ္ဌာန်း (၄၀)

(၁) ကသိုဏ်း (၁၀)ပါး
(၂) အသုဘ (၁၀)ပါး
(၃) အနုဿတိ (၁၀)ပါး
(၄) ဗြဟ္မဝိဟာရတရား (၄)ပါး
(၅) အာဟာရေပဋိကူလသညာ (၁)ပါး
(၆) စတုဓာတုဝ ဝတ္ထာန် (၁)ပါး
(၇) အာရုပ္ပ (၄)ပါး

၃၂။ ကမ္မဋ္ဌာန်းတရား အားမထုတ်သင့်သော အချိန် ၅ ပါး
၃၃။ ကလျာဏမိတ္တအင်္ဂါ (၇)ပါး
၃၄။ ကာမဂုဏ် (၅)ပါး
၃၅။ ကိလေသာ (၁၀)ပါး
၃၆။ ကုသိုလ် (၁၀)ပါး
၃၇။ ကုသလကမ္မပထတရား (၁၀)ပါး
(က) ကာယကံ (၃)ပါး
(ခ) ဝစီကံ (၄)ပါး
(ဂ) မနောကံ (၃)ပါး
၃၈။ ခင်ပွန်းကောင်းအင်္ဂါ ကျင့်ဆောင်ရာ (၇)ဖြာ
၃၉။ ခင်ပွန်းကြီး (၁၀)ပါး
၄၀။ ခင်ပွန်းကြီး (၁၀)ပါးအား ပူဇော်သူတို့ ရရှိနိုင်သော အကျိုးတရား (၁၀) ပါး
၄၁။ ခင်ပွန်းကြီး(၁၀)ပါးအား ပြစ်မှားသူတို့ ရရှိနိုင်သော အပြစ်များ
၄၂။ ခင်ပွန်းမြတ်လက္ခဏာ(၇)ပါး
၄၃။ ခန္ဓာ ၃ ပါး မြတ်တရား
၄၄။ ခန္ဓာ ၅ ပါး ရုပ်တရား
၄၅။ ဂတိ ၅ ဖြာ
၄၆။ ဂတိ ၄ ပါး မြဲမှတ်သား
၄၇။ ဂတိမြဲရန် ဂုဏ်(၆)တန်
၄၈။ ဂါရဝတရား (၁၀)ပါး
၄၉။ ငါးရာနှစ်ဆယ့်ရှင်သွယ်ဆင့်ပွားပုံ

(၁) အနေ့ာဓိသ မေတ္တာ (၅)ပါး
(၂) ဩဓိသမေတ္တာ (၇)ပါး
(၃) ဗြဟ္မာ့ဝိဟာရတရား (၄)ပါး
(၄) အရပ် (၁၀)မျက်နှာ

၅၀။ ခြွောင့်ကြီး (၅)သွယ် ပယ်စို့ကွယ်
၅၁။ စကားကြီး (၁၀) မျိုးလင်္ကာ
၅၂။ စကားအရာ အင်္ဂါ(၁၀)ဖြာ
၅၃။ စကား(၆)ခွန်း လူဦထွန်း(၄)ခွန်းကိုပယ်(၂)ခွန်းလွယ်
၅၄။ စကားအရာ အင်္ဂါ(၄)တန်
၅၅။ စကားတခွန်း၏အင်္ဂါ(၆)ဖြာ
၅၆။ စကားများများ ပြောခြင်း၏ အပြစ် (၅)ပါး
၅၇။ စရဏတရား(၁၅)ပါး
၅၈။ စျာန်အင်္ဂါ(၅)ပါး
၅၉။ စရိယတရား(၃)ပါး
၆၀။ စရိုက်(၆)ပါး
၆၁။ စေတနာ(၃)တန်
၆၂။ စေတီ(၄)မျိုး
၆၃။ စီးပွားဖြစ်ထွန်းရာ အကြောင်း (၇)ပါး
၆၄။ စီးပွားပျက်စေသော အပြစ် (၆)ပါး
၆၅။ စွန့်ခြင်းကြီး(၅)ပါး
၆၆။ စိတ်တခု ယုတ်(၉၀)=စိတ်(၈၉)ပါး
၆၇။ ဆရာ(၃)ပါး
၆၈။ ဆွမ်းလှူသောအကျိုး(၁၀)ပါး

၂၇၂၃

၆၉။ ဆေးလှူသောအကျိုး (၁၀)ပါး
၇၀။ ဇာတ်ကြီး (၁၀)ဖွဲ့
၇၁။ တဏှာ (၃)မျိုး
၇၂။ တဏှာခေါ် လှစ် (၁၀၈)
၇၃။ တရားတော်၏နက်နဲခြင်း (၄)ပါး
၇၄။ တရားနာသူ (၆)မျိုး
၇၅။ တရားနာရခြင်းအကျိုးတရား (၅)ပါး
၇၆။ တရားနာရခြင်း အကျိုးပြလင်္ကာ
၇၇။ တံမြက်လှဲခြင်း အကျိုးတရား (၅)ပါး
၇၈။ တော်ဖြောင့်အောင်ကျင့်နည်း (၆)ပါး
၇၉။ တောင့်တ၍ မရအပ်သော တရား (၅)ပါး
၈၀။ ထိခြင်း (၅)ပါး
၈၁။ ဒါနမျိုးစုံအဖုံဖုံ—
(က) ဒါနပြုရှာ-ကြောင်း(၈)ဖြာ
(ခ) ဒါနပြုရှာ-ကြောင်း(၈)ဖြာလင်္ကာ
(ဂ) ဝဋ္ဋနိဿိတဒါနနှင့် ဝိဝဋ္ဋနိဿိတဒါန
(ဃ) အာမိသဒါနနှင့် ဓမ္မဒါန
(င) အဂ္ဂဒါနနှင့် ဥစ္ဆိဋ္ဌဒါန
(စ) သံဃိကဒါနနှင့် ပုဂ္ဂလိကဒါန
(ဆ) သက္ကစ္စဒါနနှင့်အသက္ကစ္စဒါန
(ဇ) ဒါနအလှူ ဤ(၃)ဖြာ
(ဈ) ဒါနသုံးဖြာ တနည်းလာ
(ည) ဒါနဝတ္ထု(၁၀)ပါး

(ဋ) မြတ်ဒါနမင်္ဂလာ ဤ(၃)ဖြာ

(ဌ) ဒိဋ္ဌဓမ္မ အကျိုးပေးသော ဒါန အင်္ဂါ ဤ(၄)ဖြာ

၈၂။ ဒုက္ခ (၃)မျိုး
၈၃။ ဒုက္ခ (၈)ပါး
၈၄။ ဒေါသဖြစ်လွယ်သည့် အင်္ဂါ (၆)ပါး
၈၅။ ဒုစရိုက် (၁၀)ပါး

(က) ဒုစရိုက်(၁၀)ပါးလင်္ကာ

၈၆။ ပညာရကြောင်း အကြောင်းတရား (၈)ပါး
၈၇။ ပညာရခြင်းအကြောင်း (၈)ပါး
၈၈။ ပညာရှိတို့၏ အကျင့် (၃)ပါး
၈၉။ ပညာရှိလက္ခဏာ (၇)ပါး
၉၀။ ပညာရှိတို့စွန့်ပယ်အပ်သူ (၁၁)ဦး
၉၁။ ပညာရှိတို့ နှစ်မြှုပ်ခြင်း အကြောင်း (၃)ပါး
၉၂။ ပန်းလှူရခြင်းအကျိုးတရား (၅)ပါး
၉၃။ ပါရမီ (၁၀)ပါး
၉၄။ ပဉ္စဝဂ္ဂီ (၅)ဦး
၉၅။ ပဉ္စာနန္တရိယကံထိုက်သူ (၅)ဦး
၉၆။ ပဟာန် (၅)ပါး
၉၇။ ပီတိ (၅)ပါး
၉၈။ ပူဇော်ခြင်း (၂)မျိုး
၉၉။ ဖွားဘက်တော် (၇)ပါး
၁၀၀။ ဗုဒ္ဓ (၄)မျိုး

၁၀၁။ ဗုဒ္ဓ၏အသံတော်အင်္ဂါ(၈)ပါး
၁၀၂။ ဗုဒ္ဓဘာသာဝင်သူတို့၏ ယုံကြည်ချက်(၅)ချက်၊
၁၀၃။ ဗိုလ်(၅)ပါး
၁၀၄။ ဘုံ(၃)ပါး
၁၀၅။ ဘုံ(၃၁)

(၁) အပါယ်(၄)ဘုံ

(၂) နတ်ဘုံ (၆)ဘုံ

(၃) လူ့ဘုံ(၁) ဘုံ

(၄) ရူပဘုံ(၁၆) ဘုံ

(၅) အရူပဘုံ (၄)ဘုံ

၁၀၆။ ဘုရားအကြောင်း သိကောင်းစရာများ
၁၀၇။ ဘုန်းတော် (၆)ပါး
၁၀၈။ မဂ္ဂင် (၈)ပါး
၁၀၉။ မတိုင်ပင်အပ်သူ(၈)ယောက်
၁၁၀။ မထေမဲ့မြင်ပြုခြင်းခံရတတ်သူ(၁၀)ဦး
၁၁၁။ မိတ်ဆွေ၏ အပြစ်(၇) ပါး
၁၁၂။ မိုးတဆယ့်တပါး
၁၁၃။ မေတ္တာအကျိုး (၁၁) ပါး
၁၁၄။ မင်္ဂိုလ်မရထိုက်သူ (၁၆)ဦး
၁၁၅။ လောက (၃)ပါး
၁၁၆။ လောကဓံတရား (၈)ပါး
၁၁၇။ ဝိဇ္ဇာ(၃)ပါး
၁၁၈။ ဝိဇ္ဇာ(၈)ပါး

၁၁၉။ ဝိသုဒ္ဓိတရား	(၇)ပါး
၁၂၀။ သစ္စာ	(၄)ပါး
၁၂၁။ သစ္စာအနက်	(၁၆)ချက်
(က) ဒုက္ခသစ္စာ အနက်	(၄)ချက်
(ခ) သမုဒယ သစ္စာအနက်	(၄)ချက်
(ဂ) နိရောဓသစ္စာ အနက်	(၄)ချက်
(ဃ) မဂ္ဂသစ္စာအနက်	(၄)ချက်
၁၂၂။ သည်းခံခြင်း အကျိုးတရား	(၅)ပါး
၁၂၃။ သမ္ပဇဉ်တရား	(၄)ပါး
၁၂၄။ သူတော်ကောင်း ဥစ္စာ	(၇)ပါး
၁၂၅။ သေခြင်းတရား	(၄)ပါး
၁၂၆။ အလိုလိုက်ရာသည်	(၁၃)ဦး
၁၂၇။ အလှူခံတကျိပ်လေး	
၁၂၈။ အိန္ဒြေ(၆)ပါးသို့မဟုတ်အာရုံ	(၆)ပါး
၁၂၉။ အောင်ခြင်း	(၈)ပါး
၁၃၀။ အောင်နိုင်ခြင်းတရား	(၅)ပါး

အမှာစကား

ပင်လုံစာပေတိုက်သည် ပညာပေး စာအုပ်များကို အစဉ် တစိုက်ထုတ်ဝေခဲ့ပါသည်။ (၇)နှစ်တာကာလအတွင်း (၉) အုပ်သာ ထုတ်ဝေနိုင်ခဲ့ပါသည်။ သို့သော်လည်း ထပ်မံ၍ အကြိမ်ကြိမ် ရိုက်ရသော စာအုပ်က များပေသည်။

အထူးသဖြင့် မန္တလေး ဦးဝင်းလှိုင်၏ 'ယဉ်ကျေးမှု ပဒေသာမှတ်တမ်း' စာအုပ်သည် သတ္တမအကြိမ်အထိ ရိုက်နှိပ်ခဲ့ရပါသည်။

ယခုလည်း ပညာရှာဖွေဆဲ ကလေးသူငယ်များ အတွက် အထူးလိုအပ်ချက် ဖြစ်သော 'ဘာသာရေး ယဉ်ကျေးမှု' များကို မန္တလေး ဦးဝင်းလှိုင်မှပြည့်ဆည်းပေးလိုက်ပေသည်။

ဤစာအုပ်သည်ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များသာ မက လူကြီးများပင် အတန်အသင့် လေ့လာသင့် မသင့် မာတိကာကို တစေ့တစောင်း အကဲခပ်စေလိုပါသည်။

ဤစာအုပ်ကို လေ့လာ ဖတ်ရှုခြင်းအားဖြင့် အသိ၊ အလိမ္မာ၊ ပညာဉာဏ်၊ ဗဟုသုတနှင့် ရိုးရာယဉ်ကျေးမှုများ၊ စာရှုသူ၌ အထိုက်အလျောက် အကျိုးဖြစ်ထွန်း ရှင်သန်ဖွံ့ဖြိုး သည်ဖြစ်ငြားအံ့၊ ပင်လုံစာပေနှင့် စာရေးသူတို့၏ ပီတိသည် ပြီးပြည့်စုံခြင်းသို့ ရောက်ပါသတည်း။

အောင်မြင်ဂါစေ

အောင်ထွန်းဦး

ပင်လုံစာပေ

(၁) ဘုရားပင့်

(မဟာကာရုဏိကော-နာထော၊ ဗုဒ္ဓေါ၊ မေ-ဌာတု သီသကေ)

(သုံးကြိမ်ဆို)

မဟာကာရုဏိကော	=	လူ နတ် ဗြဟ္မာ သတ္တဝါကို လွန်စွာ ကြီးမား သနားခြင်း ဂရုဏာလည်း ရှိတော်မူထသော၊
နာထော	=	လူ နတ် ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ကောင်းကောင်းကြီးမှီခိုကိုးကွယ်အား ထားရာအစင်ကြီးဖြစ်တော်မူထသော၊
ဗုဒ္ဓေါ	=	ပရမတ်၊ ပညတ်၊ အရပ်ရပ်အလုံးစုံ ကိုအကုန်အစင်သိမြင်တော်မူထသော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊
မေ	=	ခန္ဓာငါးပါးရှိ ပေါင်းစပ်မိမှပေါ်ဘိ ဒြပ်သူ-ငါဟု သမုတ် အပ်သော ဘုရား တပည့်တော်၏၊
သီသကေ	=	လေးထွေ မူလ ကာယ ကိုယ် တွင် အမြတ်တင်သည့် ဦးကင် ထိပ်ထက်၌၊
ဌာတု	=	တပည့်တော်များ-ကျိုးကြီးမားရန်စိတ် ရည်သန်ကာကြွရောက်တည်နေတော်မူ ပါ၊ မဟာဂရုဏာတော် အရှင်ဘုရား၊

(၂) ငါးပါးသီလ ဆောက်တည်ပုံ

(က) ရတနာသုံးပါး ကန်တော့ခန်း

ဩကာသ-ဩကာသ-ဩကာသ-ကာယကံ၊ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့အား ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ တရားရတနာ သံဃာရတနာ၊ ရတနာ မြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူး မျှော် မာန် လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ။

(ခ) ဆုတောင်းခန်း

ဤသို့ ရှိခိုးပူဇော်၊ ဖူးမျှော်မာန်လျှော့၊ ကန်တော့ရသော၊ ကုသိုလ်ကံ စေတနာတို့ကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်း သည်ဖြစ်၍၊ မဂ်ဉာဏ်·ဖိုလ်ဉာဏ်·နိဗ္ဗာန်တရားတော်မြတ်ကို ရပါ လို၏ အရှင်ဘုရား။

(ဂ) ငါးပါးသီလတောင်းရန်ပါဠိ

အဟံဘန္တေ၊ တိသရဏေနသဟ၊ ပဉ္စသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ၊ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ၊ အဟံဘန္တေ၊ တိသရဏေနသဟ၊ ပဉ္စသီလံ၊ ဓမ္မံ ယာစာမိ၊အနုဂ္ဂဟံ ကတွာ၊ သီလံဒေထ မေဘန္တေ။

တတိယမ္ပိ၊ အဟံဘန္တေ၊ တိသရဏေနသဟ၊ပဉ္စသီလံ၊ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။

အာမဘန္တေပါ အရှင်ဘုရား။

(ဃ)နမောတဿဘုရား ရှိခိုးရန်

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

(သုံးကြိမ်ဆို)

သရဏဂုံဆောက်တည်ရန်

	ဗုဒ္ဓံ	သရဏံ	ဂစ္ဆာမိ။
	ဓမ္မံ	သရဏံ	ဂစ္ဆာမိ။
	သံဃံ	သရဏံ	ဂစ္ဆာမိ။
ဒုတိယမ္ပိ	ဗုဒ္ဓံ	သရဏံ	ဂစ္ဆာမိ။
။	ဓမ္မံ	သရဏံ	ဂစ္ဆာမိ။
။	သံဃံ	သရဏံ	ဂစ္ဆာမိ။
တတိယမ္ပိ	ဗုဒ္ဓံ	သရဏံ	ဂစ္ဆာမိ။
။	ဓမ္မံ	သရဏံ	ဂစ္ဆာမိ။
။	သံဃံ	သရဏံ	ဂစ္ဆာမိ။

(င) ငါးပါးသီလဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာ ဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃)။ဆွမ်း–ပန်း–ရေချမ်း–ဆီမီး–ကပ်လှူရန်

ဘန္တေ အရှင်ဘုရား၊ မယံ- တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော- သံသရာတည်း ဟူသော ဝဋ်ဆင်းရဲ အပေါင်းတို့မှ၊ မောစနတ္ထာယ- လွတ်မြောက်ပါရခြင်း အကျိုးငှာ၊ အရဟာတာဒိ နဝဂုဏေဟိ - အရဟံအစ၊ ဘဂဝါအဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် သမ္ပန္နဂတံ - ပြည့်စုံတော် မူသော၊ နာထံ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ သက်တော်ထင်ရှား၊ သဗ္ဗညု မြတ်စွာဘုရားကို၊ ဥဒ္ဒိဿ· ရည် မှတ်၍-

(က) ဆွမ်းကပ်ရန်

ဝဏ္ဏ-ဂန္ဓ-ရသ- သမ္ပန္နာဂတံ၊ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံလှစွာသော၊ ဣမံပိဏ္ဍပါတံ၊ ခါဒနီယံ ဘောဇနီယံ၊ ဤ ဆွမ်း ခဲဘွယ်ဘောဇဉ်- ချို·ချဉ် သစ်သီးတို့ကို ဒေမ- ပူဇေမ ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။

(ခ) ပန်းကပ်ရန်

ဝဏ္ဏ-ဂန္ဓ၊ သမ္ပန္နာဂတံ အဆင်း၊ အနံ့နှင့် ပြည့်စုံလှစွာ သော၊ ဣဒံပုပ္ဖံ - ဤပန်းကို၊ ဒေမ ပူဇေမ- ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

(ဂ) ရေချမ်းကပ်ရန်

ဣမံပါနီယံ- ဤသောက်တော်ရေချမ်းကို၊ ဒေမ- ပူဇော်ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။

(ဃ) ဆီမီးကပ်ရန်

ပဘာဝဏ္ဏောဟိ- အရောင်အဆင်းတို့ဖြင့်၊ အန္ဓကာရံ-အမိုက်မှောင်ကို၊ဝိနာသန္တံ-ပယ်ဖျောက်နိုင်သော၊ဣမံဒီပဇာလံ-ဤဆီမီးလျှံကို၊ဒေမ-ပူဇေမ-ကပ်လှူ ပူဇော်ပါ၏အရှင်ဘုရား ။

(င) ဆုတောင်းရန်

ဣမိနာ-ပုည ကမ္မေန၊ ဤ ကောင်း မှု ကံ ကြောင့်၊ မယှံ- တပည့်တော်သည်၊နိဗ္ဗာနံ သုခံ-နိဗ္ဗာန်ချမ်းသာမြတ်သို့၊ခိပ္ပံ-လျင်မြန်စွာ၊ ပပ္ပေါမ- ရောက်ရပါလိုကုန်၏။ ဣဒံပုညံ ဤကောင်းမှုသည်၊နိဗ္ဗာနံ—နိဗ္ဗာန်သို့၊ဝဟံ-ရောက်အောင် ရွက်ဆောင်နိုင်သည် ဟောတု-ဖြစ်ပါစေသတည်း။

(၄) ဘုရားဂုဏ်တော် (၉) ပါး

ဣတိပိသော ဘဂဝါ

၁။ အရဟံ

၂။ သမ္မာ သမ္ဗုဒ္ဓေါ

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော

၄။ သုဂတော

၅။ လောကဝိဒူ

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
၇။ သတ္ထာ ဒေဝ မနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ

(၅) တရားဂုဏ်တော် (၆) ပါး

၁။ သွာက္ခာတော ဘဂဝ တာ ဓမ္မော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော
၄။ ဧဟိပဿိကော
၅။ ဩပနေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(၆) သံဃာ့ဂုဏ်တော် (၉) ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော
၅။ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧသ ဘဂဝတော သာဝက သံဃော
၆။ အာဟုနေယျော
၇။ ပါဟုနေယျော

၈။ ဒက္ခိဏေယျော
၉။ အဉ္ဇလိ ကရဏီယော
၁၀။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

(၇) သမ္ဗုဒ္ဓေ - ဂါထာတော်

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ
နမာမိ သိရသာမဟံ။

၂။ အပ္ပကံ ဝါဠုကံ ဂင်္ဂ
အနန္တံ နိဗ္ဗုတံ ဇိနံ
တေသံ ဓမ္မဉ္စ သံဃဉ္စ
အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေက အန္တရာယာပိ
ဝိနဿန္တု အသေသတော။

(၈) လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ခုနစ်နေ့ ဘုရားရှိခိုး

ကြာသပတေးနေ့

(၁) သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှု ကြောင့်၊

ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြေ့၊ 'ကြက်မင်းနေ့ဝယ်'၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဘို့ ကိန်းပါကို။

သောကြာနေ့

(၂) သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြေ့၊ 'သောကြာနေ့ဝယ်'၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဥ၊ မဟီလိုက်ဆူ၊ ဘုရားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

တနင်္လာနေ့

(၃) ဘုရားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလှစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊ 'ကျားမင်းနေ့ဝယ်'၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

ဗုဒ္ဓဟူးနေ့

(၄) တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ 'ဆင်မင်းနေ့ဝယ်'၊ မြေ့ပရမေ၊ ပလ္လင်ဗွေဆက်၊ ရွှေညောင်တော်ကြီး၊ ဗိဘာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

စနေနေ့

(၅) ဘုရားဖြစ်ခါ၊မိဂဒါသို့၊စကြာရွှေဘွား၊ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊နတ်ဗြဟ္မာအား၊ဝါဆိုသပြေ့၊'စနေနေ့ဝယ်' ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ဟောဖော် ကြားသည်၊ တရားနတ်စည် ရှမ်းတယ်ကုံ။

အင်္ဂါနေ့

(၆) တရားနတ်စည်၊ ဆော်ရှမ်းလှည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါ ကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ 'ဝါ' လေးဆယ့်ငါး၊ သက်ကာရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊နှံယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လဆပြေ့၊ 'အင်္ဂါနေ့ဝယ်'' ချမ်းမြေ့နိဗ္ဗူ၊စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး၊ကျော်တယ်ကို ။

တနင်္ဂနွေနေ့

(၇)နိဗ္ဗာန်စံပြီ ၊ရှုမအီသား၊သိင်္ဂီ ရွှေလှော်၊အလောင်းတော် ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့ မနှော၊ ဓါတ်တောဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက် ဖြင့်၊လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကွင်းတယ်ကိုး ။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံ ယူလျှက်၊ သုံးလူတို့နဘ်၊ မြတ်ထုက်မြတ်သား၊ ကိုယ်တော်

ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော် ။

(၉) အနန္တော အနန္တငါးပါး ပါဠိ

၁။ ဗုဒ္ဓ ဂုဏော အနန္တော
၂။ ဓမ္မ ဂုဏော အနန္တော
၃။ သံဃ ဂုဏော အနန္တော
၄။ မာတာပိတု ဂုဏော အနန္တော
၅။ အာစရိယ ဂုဏော အနန္တော

ဣမေ ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ၊

(၁၀) အနန္တော – အနန္တ ငါးပါးဘုရားရှိခိုး

(၁) ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်ဇောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖေါင်မဂ္ဂင်၊ သဘောဘာယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ ၊ပို့တော်မူသည်၊ နတ်လူတို့ ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျာ၊မဟာအမိတ၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ အဟံ–ကျွန်ုပ်သည်၊ဝန္ဒာမိ၊ သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ဘုရား ။

(၂) ဓမ္မဂုဏော-အနန္တောဟု၊ တည်သောကမ္ဘာ-သတ္တဝါ-လူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော်၊ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမထင်

အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားတော်မြတ်ကို၊ အဟံ-ကျွန်ုပ်သည်၊ ဝန္ဒာမိ- သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ ဘုရား ။

(၃) သံဃဂုဏော၊ အနန္တောဟု၊ လောဘဒေါသ၊မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ် နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်၏၊ဂုဏ်တော်ကြီးစွ၊အနန္တကို၊ အဟံ-ကျွန်ုပ်သည်၊ ဝန္ဒာမိ-သဒ္ဓါရှင်မြူး၊ ဂုဏ်ရည်စူးလျက်၊ ကြည်နူးကြည်သာ၊ ရှိခိုးပါ၏ ဘုရား-။

(၄) မာတာပိတု ဂုဏော၊ အနန္တောဟု၊အပြောကျယ်စွာ၊ သံသာသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဖတို့၊ ရေကြည်ကလလ၊ တည်ဦးစပင်၊ ချီချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ ၊ စိုးရိမ်စွာဖြင့် ၊ အစာဆိမ့်အေး ၊ နို့ချိုပေး၍၊ မွေးသည့်မိခင်၊ ကျေးဇူးခင်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ဂုဏ်တော်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှင်မြူးသဒ္ဓါ၊ ရှိခိုးပါ၏ ဘုရား။

(၅) အာစရိယ ဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊နယနည်းနာ၊အဖြာဖြာကို၊လိမ္မာစေကြောင်း မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာ ယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်

ယုတ်မာ၊ ပယ်စွန့်ခွါ၍၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ပို့ဆောင်အရောက်၊ ညွှန်းထောက်သွန်သင်၊ ပဲ့ပြင်ရည်တတ်၊ ဆရာမြတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ဂုဏ်တွေ့ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှင်မြူးသဒ္ဓါ- ရှိခိုးပါ၏ ဘုရား။

(၁၁) ရေစက်ချ အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊ ရစြေးပါစေ၊ အမျှဝေ၏၊ အသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏၊ မိတ္တာဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဇာန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောကာ၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသာ၊ ဘုံကိုးဝန္နှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်။

ဝသုန္ဒြေ၊ ဤမြေပံသု၊ သိလာထုသည်၊ သက်သေအမှု၌၊ တည်စေသော်။

အားလုံး ကြားကြား၊ သမျှ၊ အမျှ-အမျှ- အမျှ
ယူတော်မူကြပါကုန်။

သာဓု သာဓု သာဓု

(၁၂) မေတ္တာပို့

၁။ သဗ္ဗေသတ္တာဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ မိဘနှင့်ဖြာမြတ်ဆရာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ တို့အိမ်တွင်းမှာဆွေမျိုးစွာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၄။ တို့အိမ်တွင်းမှာနတ်များစွာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၅။ တို့အိမ်တွင်းမှာများသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၆။ တို့မြို့တွင်းမှာများသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၇။ တို့ပြည်တွင်းမှာများသတ္တဝါ ချမ်းသာကိုတ်စိတ်မြဲပါစေ။
၈။ နိုင်ငံတွင်းမှာများသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၉။ ကြွယ်ဝဥစ္စာများသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၀။ ဆင်းရဲနေရှာများသတ္တဝါ မြန်စွာဒုက္ခ လွတ်ပါစေ။

၁၃ ရှစ်ပါးသီလတည်ဆောက်ပုံ

ရှေးဦးစွာ ရတနာသုံးပါးအား ရှိသေစွာ ကန်တော့ရမည်။ စာမျက်နှာ (၁၈) တွင် ဖော်ပြထားသည့်အတိုင်း။

(က) ရှစ်ပါးသီလ တောင်းခံရန်ပါဠိ

အဟံ-ဘန္တေ၊ တိသရဏေန သဟ၊ "အဋ္ဌင်္ဂသမန္နာဂတံ၊ ဥပေါသထသီလံ" ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလဒေထ၊ မေဘန္တေ။

ဒုတိယမ္ပိအဟံဘန္တေ .... မေဘန္တေ။
တတိယမ္ပိအဟံဘန္တေ .... မေဘန္တေ။
အာမဘန္တေပါ အရှင်ဘုရား။

(ခ) ဘုရားရှိခိုးရန်ပါဠိ

နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။
(သုံးကြိမ်ဆို)

(ဂ) သရဏဂုံဆောက်တည်ရန်ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
အာမဘန္တေပါ အရှင်ဘုရား။

(ဃ) ငါးပါးသီလဆောက်တည်ရန်ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ-မဇ္ဇပမာ
ဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ-ဂီတ-ဝါဒိတ)
ဝိသုက-ဒဿန-မာလာ)
ဂန္ဓ-ဝိလေပန-ဓာရဏ)ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မဏ္ဍန-ဝိဘူသနဋ္ဌာနာ)
၈။ ဉစ္စာသယန-မဟာ
သယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၄ ဆယ်ပါးသီလခံယူဆောက်တည်ရန်

ရှေးဦးစွာ ရတနာသုံးပါးအား ရှိသေစွာကန်တော့ရမည်။
စာမျက်နှာ (၁၈) တွင် ဖော်ပြထားသည့်အတိုင်း။

(က) ဆယ်ပါးသီလတောင်းခံရန်ပါဠိ

အဟံဘန္တေ၊ တိသရဏေနသဟ၊ ဒသင်္ဂသမန္နာဂတံ သီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ ... ... မေဘန္တေ။
တတိယမ္ပိ အဟံဘန္တေ..................မေဘန္တေ။
အာမဘန္တေပါ အရှင်ဘုရား။

(ခ) ဘုရားရှိခိုးရန်ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(သုံးကြိမ်ဆိုရန်)

(ဂ) သရဏဂုံဆောက်တည်ရန်ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

အာမဘန္တေပါ အရှင်ဘုရား။

(ဃ) ဆယ်ပါးသီလ ဆောက်တည်ရန်ပါဠိ။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ-မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဉစ္စာသယန၊ မဟာသယန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ-ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာယာမိ။

(၁၅) ငါးပါးသီလ အဓိပ္ပာယ်။

(က) ဩကာသအဓိပ္ပာယ်

ဩကာသ “ရှိခိုးကန်တော့ခြင်းကို ခံယူတော်ပါဘုရား” ဟု ဘုရားရှင်ထံ ခွင့်တောင်းခြင်း ဖြစ်ပါသည်။

(ခ) ကံသုံးပါး

(၁) ကာယကံ — ကာယ- ကိုယ်ခန္ဓာ၊ ကံ- ပြုလုပ်ခြင်း၊ ပြစ်မှားခြင်း၊ ကိုယ်ဖြင့် ပြုလုပ်ပြစ်မှားခြင်း။

(၂) ဝစီကံ — နှုတ်ဖြင့် ပြောဆို ပြစ်မှားခြင်း။

(၃) မနောကံ — စိတ်ဖြင့် ကြံစည် ပြစ်မှားခြင်း။

(ဂ) ရတနာနှစ်မျိုး

ရတနာ — နှစ်သက်မြတ်နိုးအပ်သော အရာ
ကို "ရတနာ ဟုခေါ်သည်။

ရတနာ နှစ်မျိုးရှိသည်၊ ၎င်းတို့မှာ—

(၁) လောကီရတနာ။

(၂) လောကုတ္တရာ ရတနာတို့ ဖြစ်သည်။

(ဃ) ရတနာသုံးပါးနှင့် ရှိခိုးကန်တော့ခြင်းတို့ အဓိပ္ပာယ်

(၁) ဘုရား = လောက၌ တရား အပေါင်းကို၊ ကိုယ်တော်တိုင် သိမြင်၍ အတုမရှိသော လူ နတ် ဗြဟ္မာတို့၏ ဆရာကို ဘုရားဟုခေါ်သည်။

(၂) တရား = ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်ကင်းစေ၍၊ နိဗ္ဗာန်သောင်သို့ ပို့ဆောင်တတ်သော၊ မြတ်စွာ ဘုရား ၏ ဒေသနာတော်ကို တရားဟု ခေါ်သည်။

(၃) သံဃာ = မြတ်စွာဘုရား၏ တပည့် ရဟန်းတော်များကို သံဃာဟုခေါ်သည်။

(၄) ရှိခိုး = လက်နှစ်ဘက်ယှက်၍၊ ဦးခေါင်း ထိပ် ထက်၊ မြှောက်တင် ပြီး လျှင် ကိုယ်-စိတ်-နှုတ်တို့ဖြင့် ညွတ်ခြင်းကို ရှိခိုးခြင်း ဟု ခေါ်သည်။

(၅) ပူဇော် = အရိုအသေပြုခြင်း၊ အလေး အမြတ် ပြုခြင်း၊ နှစ်သက်မြတ်နိုးခြင်း၊ ရှိခိုး ခြင်းကို ပူဇော်ခြင်းဟု ခေါ်သည်။

(၆) မာန်လျှော့= မိမိကိုယ်၌ ထောင် လွှား နေ သည့် မာန်မာန တရားများအား စွန့်လွှတ် ပယ်ချခြင်းကို မာန်လျှော့ခြင်းဟု ခေါ်သည်။

(၇) ကန်တော့= ရိုသေမြတ်နိုးစွာ လက် အုပ် မိုး ၍ ဖူးမျှော် မာန်လျှော့ ရှိခိုးခြင်းကို ကန်တော့ခြင်းဟု ခေါ်သည်။

(င) အပါယ်လေးပါး

အပါယ်လေးပါးဆိုသည်မှာ—

၁။ ငရဲ = ချမ်းသာခြင်း လုံးဝကင်း၍၊ ဆင်းရဲ ခြင်း အတိရှိသော ဘုံဌာန။

၂။ တိရစ္ဆာန် = စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်း သာသိ၍၊ မဂ်ဖိုလ်မှ ဖီလာဖြစ် သော သတ္တဝါ။

၃။ ပြိတ္တာ = ရုပ်ဆင်းသဏ္ဌာန် ကြမ်းတမ်း ဧကန်

ဆုတ်ဖွယ်ရှိ၍၊ ချမ်းသာခြင်း ကင်းသော တစ္ဆေ ပြေတ္တ စသော သတ္တဝါ။

၄။ အသူရကာယ်= ပြိတ္တာကဲ့သို့သော သတ္တဝါ၊ အသူရကာယ်တွင် ချမ်းသာခြင်း ဝုဏ်သိက္ခာနှင့် ရဲရင့်ခြင်း၊ ရွှင်မြူးခြင်း၊ လုံးဝမရှိ ဆင်းရဲခြင်း အတိနှင့် ရှုပ်ဆင်းအင်္ဂါမလှပဆုံးသောသတ္တဝါ။

(ဝ) ငရဲကြီးရှစ်ထပ်

၁။ သိဥ္စိုဝ်း ငရဲ။

၂။ ကာဠသုတ် ငရဲ။

၃။ သံဃာတ ငရဲ။

၄။ ရောရုဝ ငရဲ။

၅။ မဟာရောရုဝ ငရဲ။

၆။ တာပန ငရဲ။

၇။ မဟာပန ငရဲ။

၈။ မဟာအဝိစိငရဲတို့ဖြစ်သည်။

(ဆ) ငရဲကြီးထံ-ငရဲငယ်ရံ

ငရဲကြီးတထပ်၏ တမျက်နှာစီ၌

၁။ ဘင်ဘုတ်ငရဲ။

၂။ ပြာပူငရဲ။

၃။ လက်ပံတောငရဲ။

၄။ သံလျက်တောငရဲ။
၅။ ကြိမ်ပိုက်ငရဲဟူ၍ ငရဲငယ် (၅)ခုစီ ရှိသဖြင့်၊ ငရဲကြီး တထပ်လျှင် ငရဲငယ် အထပ် (၂၀) ရှိကြောင်း "သုံးပုံတချို့"ကျမ်းတွင် ဖော်ပြထားပါသည်။

မှတ်ချက်။ ။(က) ကြိမ်ပိုက်ငရဲကို အချို့စာအုပ်များတွင် သစ်ပင်တောငရဲဟု ဖော်ပြထားသည်။

(ခ) အချို့စာအုပ်များတွင် ငရဲကြီးတထပ်၏ တမျက်နှာစီတွင် ငရဲငယ် (၄) ထပ်စီ ရှိသဖြင့်၊ ငရဲကြီး တထပ်၌ ငရဲပေါင်း ၁၇ ထပ် × ငရဲကြီး၈ ထပ်=စုစုပေါင်း ငရဲငယ်(၁၃၆)ထပ် ဖြစ်ကြောင်းဖော် ပြထားသဖြင့် နှစ်သက်ရာယူလေ။

မုန်တိုင်ဆရာတော် ရေးသားတော်မူသော

(၈) ငရဲကြီးရှစ်ထပ် သံပေါက်

ငရဲကြီး (၈)ထပ်နှင့်ပတ်သက်ပြီ (သုံးပုံတချို့) ကျမ်း တွင် မုန်တိုင်ဆရာတော်ဘုရားက အောက်ပါအတိုင်း လင်္ကာ သံပေါက်ဖြင့် ဖွဲ့ဆိုခဲ့သည်။

၁။ ငါးရာသိဥ္စိုဝ်း၊ နောက်ငါးအိုး၊ တပိုးတက်လေပါ။
၂။ သိဥ္စိုဝ်းတရက်၊ နတ်အသက်၊ တွက်လေ-နှစ်ငါးရာ။
၃။ နတ်ပြည်ခြောက်တပ်၊ အစဥ်ဟပ်၊ ခြောက်ထပ်ငရဲမှာ။
၄။ မဟာတာပန၊ အနန္တရ၊ ခံရထက်ဝက်သာ။

၅။ အောက်ဆုံးစီစီ၊ ငရဲလုံးထိ၊ နှစ်ဘိစုံးစုံးသာ။
၆။ နှစ်သောင်းစွန်းလေ၊ တသိန်းမြေ၊ တည်လေအောက်ထဲမှာ။
၇။ တသောင်းယူဇနာ၊ ငါးထောင်သာ၊ကွာလေ အကြားမှာ။
၈။ ငရဲသိဥ္စုဂ်း၊ သံပူအိုး၊ သူခိုးခံစားရာ။
၉။ အယူမဟုတ်၊ ကာဠသုတ်၊ စင်းခုတ်ဓားရော။
၁၀။ တံငါဗလ၊ သံဃာတ၊ ကြိတ်ထတောင်ရော။
၁၁။ မုသာဝါဒ၊ ရောရုဝ၊ ဒွါရမီးကိုးဖြာ။
၁၂။ မဟာရောရုဝ၊ သံဃာတ၊ ဖျက်ထ ရောက်လေရာ။
၁၃။ လေဟုန်ပစ်ချ၊ တာပန၊ ကျလိမ့်သံမြေမှာ။
၁၄။ တံကျင်လျှိုထ၊ တာပန၊ ဝါဒပျက်သည်ဟာ။
(မဟာတာပန မှတ်ပါလေ။)
၁၅။ မိစ္ဆာဒိဋ္ဌိ၊ အယူရှိ၊ ဝီစိအောက်ထဲမှာ။
၁၆။ တရာ့သုံးသွယ်၊ အထဲဝယ်၊ ခြောက်သွယ်မီးလောင်ရာ။
၁၇။ အပမီးလျှံ၊ လေးရာရံ၊ လေးတန်ရပ်မျက်နှာ။
၁၈။ ကိုးကိုးခြောက်ထွေ၊ ဝန်းရံလေ၊ ကြီးထွေယူဇနာ။
၁၉။ တရားစွန့်ယူ၊ တထောင်မူ၊ ပြာပူငရဲမှာ။
၂၀။ လေးရာသုံးသွယ်၊ လုံးလုံးဝယ်၊ အငယ်ငရဲမှာ။

(၈၂) ကပ်သုံးပါး (ကပ်=ကာလအပိုင်းအခြားသုံးမျိုး)

၁။ ဒုဗ္ဘိက္ခန္တရကပ် = အစာငတ်မွတ် ခေါင်းပါးသော ကြောင့် သေကြေပျက်စီးခြင်း။

၂။ သတ္တန္တရကပ် = လက်နက်မျိုးစုံတို့ဖြင့် သေကြေပျက်စီးခြင်း။
၃။ ရောဂန္တရကပ် = ရောဂါ ဝေဒနာ အမျိုးမျိုးဖြစ်ပေါ် ကူးစက်ပျက်စီးခြင်း။

(ည) ရပ်ပြစ်ရှစ်ပါး

အပြစ်ရှိသော အရပ်ရှစ်မျိုးမှာ–

၁။ ငရဲ = ချမ်းသာသုခ အလျှင်း မရှိသော ဘုံဌာန။
၂။ တိရစ္ဆာန် = မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်သော သတ္တဝါ။
၃။ ပြိတ္တာ = တစ္ဆေ မြေဘုတ်စသော သတ္တဝါ။
၄။ အသညသတ် = သက် တမ်း အ လွန် ရှည် သော အသညသတ် ဗြဟ္မာဘုံ။
၅။ ပစ္စန္တရစ် = ရတနာသုံးပါးမသိ၊ အလွန်ရိုင်းစိုင်းသောအရပ်။
၆။ မိစ္ဆာဒိဋ္ဌိ = မှားသောအယူ ယူသူ။
၇။ ဝိကလိန္ဒြိယ = ကိုယ်အင်္ဂါ ဆွံ့၊ အ၊ နားပင်းသူဖြစ်ရခြင်း၊ ပညာမဲ့သူ ဖြစ်ရခြင်း။
၈။ ဗုဒ္ဓသုညောတိ) ပဟတုကော) = ဉာဏ်ပညာ အလိမ္မာရှိသော်လည်း ဘုရား မပွင့်သော ကာလ၌ လူဖြစ်ရခြင်း။

(၃) ရန်သူမျိုး ငါးပါး

၁။ ရေ = သောက်သုံး ဆေးကြောရသောအရည်တမျိုး။
၂။ မီး = လောင်ကျွမ်းစေတတ်သောဓာတ်တမျိုး။
၃။ မင်း = ရေမြေကို စိုးမိုးအုပ်ချုပ်သူ။
၄။ ခိုးသူ = သူတပါးပစ္စည်းဥစ္စာကို မသိအောင် တိတ်တဆိတ် ယူသူ။
၅။ မချစ်မနှစ်သက်သောသူ = မိမိကို မုန်း၍ ပျက်စီးရာပျက်စီးကြောင်း ကြံစည်တတ်သော သူတို့ ဖြစ်သည်။

(၄)ဝိပ္ပတ္တိတရားလေးပါး

၁။ ဂတိဝိပ္ပတ္တိ = အပါယ်လေးဘုံ၌ ဖြစ်ရခြင်း။
၂။ ဥပဓိဝိပ္ပတ္တိ = ရုပ်ဆင်းအင်္ဂါ ချွတ်ယွင်းခြင်း။
၃။ ကာလဝိပ္ပတ္တိ = မကောင်းသော ခေတ်ကာလနှင့် ကြုံကြိုက်ခြင်း။
၄။ ပယောဂဝိပ္ပတ္တိ = အကျင့်သီလ ဖောက်ပြန်ပျက်စီးခြင်း။

(၃) ဗျသနတရားငါးပါး

၁။ ဉာတိဗျသန = ဆွေမျိုးများ ပျက်စီးခြင်း။
၂။ ဘောဂဗျသန = စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။

၃။ ရောဂဗျသန = အနာရောဂါ အမျိုးမျိုးဖိစီး၍၊ သေကြေ ပျက်စီးခြင်း။

၄။ သီလဗျသန = အကျင့်သီလ ပျက်စီးခြင်း။

၅။ ဒိဋ္ဌိဗျသန = မှားသောအယူကိုယူ၍ ပျက်စီးခြင်း။

(ခ) မဂ်ဉာဏ် - ဖိုလ်ဉာဏ် - နိဗ္ဗာန်

မဂ်ဉာဏ် = မဂ္ဂ - ဉာဏ

မဂ္ဂ = နိဗ္ဗာန်ကို ရောက်နိုင်သော လမ်း

ဉာဏ = သိခြင်း၊ အသိတရား။

မဂ်ဉာဏ် = နိဗ္ဗာန်ကို ရောက်နိုင်သော လမ်းကို သိမြင်သောဉာဏ် (အသိတရား)

ဖိုလ်ဉာဏ် မဂ်တရားကို သိသောဉာဏ်။

နိဗ္ဗာန် = ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်မြောက် အေးငြိမ်းရာ အမြိုက်တရားထူး။

(ဂ) မဂ်လေးပါး

၁။ သောတာပတ္တိမဂ် = နိဗ္ဗာန်ကို ရှေးဦးစွာ သိမြင်သောမဂ်။

၂။ သကဒါဂါမိမဂ် = ကာမဘုံ၌ တကြိမ်တည်းသာ

ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏မဂ်။

၃။ အနာဂါမိမဂ် = ကာမဘုံသို့ ပဋိသန္ဓေနေခြင်း အားဖြင့် မလာရောက်သော ပုဂ္ဂိုလ်၏မဂ်။

၄။ အရဟတ္တမဂ် = ကိလေသာကို အကြွင်းမဲ့ ပယ်နိုင်သော ပုဂ္ဂိုလ်၏မဂ်။

(တ) ဖိုလ် (၄) ပါး

၁။ သောတာပတ္တိဖိုလ် = ကာမဘုံ၌ ခုနစ်ကြိမ်တည်းသာ ပဋိသန္ဓေ နေရသော ပုဂ္ဂိုလ်။

၂။ သကဒါဂါမိဖိုလ် = ကာမဘုံ၌ တကြိမ်တည်းသာ ပဋိသန္ဓေ နေရသောပုဂ္ဂိုလ်။

၃။ အနာဂါမိဖိုလ် = ကာမဘုံသို့ ပဋိသန္ဓေ အားဖြင့်မလာရောက်သောပုဂ္ဂိုလ်။

၄။ အရဟတ္တဖိုလ် = ရဟန္တာပုဂ္ဂိုလ်။

(ထ) ငါးပါးသီလတောင်း (မြန်မာပြန်)

ဘန္တေ = အရှင်ဘုရား

အဟံ = ဘုရားတပည့်တော်သည်

တိသရဏေန = သရဏဂုံ သုံးပါးနှင့်

သဟ = တကွ

ပဉ္စသီလံ = ငါးပါးသီလဟူ ဆိုအပ်သော
ဓမ္မံ = ကျင့်ဝတ်သိက္ခာပုဒ်များကို
ယာစာမိ = တောင်းပန်ပါ၏။
အနုဂ္ဂဟံ = ချီးမြှောက်ခြင်းကို
ကတွာ = ပြု၍
သီလံ = ငါးပါးသော သီလတော်မြတ်ကို
ဒေထ = ပေးသနားတော် မူပါ
မေ – ဘုရား တပည့်တော်အား
ဘန္တေ = အရှင်ဘုရား။

(ဒ) နမောတဿဘုရားရှိခိုး (မြန်မာပြန်)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော = လူ နတ် ပြဟ္မာတို့၏ ပူဇော် အတူးကို ခံယူတော် မူထိုက်သော
သမ္မာသမ္ဗုဒ္ဓဿ = အလုံးစုံသော တရားအပေါင်း တို့ကို ကိုယ်တော်တိုင် သိမြင်တော်မူသော
ဘဂဝတော = ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူသော
တဿ = ထိုသို့ ပြည့်စုံတော်မူသော မြတ်စွာဘုရားအား
နမော = ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(ခ) သရဏဂုံသုံးပါး (မြန်မာပြန်)

ဗုဒ္ဓံ	=	မြတ်စွာဘုရားကို
သရဏံ	=	ကိုးကွယ်ရာ ဟူ၍
ဂစ္ဆာမိ	=	ဆည်းကပ်ပါ၏။
ဓမ္မံ	=	တရားတော်မြတ်ကို
သရဏံ	=	ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ	=	ဆည်းကပ်ပါ၏။
သံဃံ	=	သံဃာတော်မြတ်ကို
သရဏံ	=	ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ	=	ဆည်းကပ်ပါ၏။

(ဂ) ငါးပါးသီလ (မြန်မာပြန်)

၁။ ပါဏာတိပါတာ	=	သူတပါး၏အသက်ကိုသတ်ခြင်းမှ
၂။ အဒိန္နာဒါနာ	=	သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ
၃။ ကာမေသု မိစ္ဆာစာရာ	=	သူတပါး၏ သားမယား အား ပြစ်မှား ကျူးလွန်ခြင်းမှ
၄။ မုသာဝါဒါ	=	မဟုတ် မမှန် လိမ်လည် ပြောဆို ခြင်းမှ
၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ	=	သေရည်သေရက် သောက်စားခြင်းမှ

ဝေရမဏီ	=	ရှောင်ကြဉ်ခြင်း ဖြစ်သော
သိက္ခာပဒံ	=	သိက္ခာပုဒ်ကို
သမာဒိယာမိ	=	ကောင်းစွာ ဆောက်တည် ပါ၏။

(၁၆) ငါးပါးသီလ ကျူးလွန်သူတို့ ရရှိနိုင်သော အပြစ်များ [လက်ာ]

(က) ပါဏာတိပါတာ

၁။ သူ့အသက်ကို	=	သိလျက်သားနှင့်
ဒေါသစိတ်ထား	=	သေစေလို။
လုံ့လပြုကာ	=	သေအောင်သတ်က
ပါဏာတိပါတ်	=	အကုသိုလ်။
လွန်ကျူးမိလျှင်	=	တကယ်ဘဲပေါ့
အပါယ်ငရဲ	=	ကျ မည်ဆို။
လွတ်ပြန်လျှင်လဲ	=	ရောဂါစွဲ၊ ဆင်းရဲ အသက်တို။

အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

(ခ) အဒိန္နာဒါနာ

၂။ သူ့ဥစ္စာကို	=	သိလျက်သားနှင့်၊
လောဘစိတ်ထား	=	ခိုးယူလို၊
လုံ့လပြုကာ	=	ခိုးယူမိက၊
အဒိန္နာဒါန	=	အကုသိုလ်။

လွန်ကျူးမိလျှင် = တကယ်ဘဲပေါ့၊
အပါယ်ငရဲ = ကျမည်ဆို၊
လွတ်ပြန်လျှင်လဲ = ဥစ္စာမဲ့-ဆင်းရဲဖြစ်တိုင်းကိုယ်။
အဲဒါကြောင့်-ပဥ္စသီလ-တည်ကြပါစေလို့။

(ဂ) ကာမေသုမိစ္ဆာစာရ

၃။ ရှောင်ရှားအပ်သူ = မိန်းမများ၌၊
ရာဂစိတ်ထား ပေါင်းဖေါ်လို၊
လို့လပြုကာ = ကျူးလွန်ပြုက၊
ကာမေသုတဲ့ — အကုသိုလ်။
လွန်ကျူးမိလျှင် — တကယ်ဘဲပေါ့၊
အပါယ်ငရဲ — ကျ မည်ဆို။
လွတ်လာပြန်က = နပုံ့းပ မိန်းမဖြစ်တတ်သကို၊
အဲဒါကြောင့်- ပဥ္စသီလ- တည်ကြပါစေလို့။

(ဃ) မုသာဝါဒါ

၄။ မဟုတ်မမှန် = တဘက်သားကို၊
ယှဉ်းချွတ်လှဲ့စား = မုသားဆို။
အမ်ပုါယ်ကို = ထိုလူသိ၍၊
အကျိုးကိုထိ = အကုသိုလ်၊
လွန်ကျူးမိလျှင် = တကယ်ဘဲပေါ့၊
အပါယ်ငရဲ = ကျ-မည်ဆို။

လွတ်လာပြန်လဲ — ပါးစပ်မြဲ- သွားကျဲ နှုတ်စမ်းတို့။

အဲဒါကြောင့်—ပဥ္စသီလ- တည်ကြပါစေလို့။

(င) သုရာမေရယ

၅။ မူးယစ်တတ်စွာ = ဒေသရည်များကို၊
မူးယစ်သောက်စား = ဘိန်းရှူမှို။
ဒုစရိုက်တွေ = ဖြစ်ပေါ်ကြောင်းမို့၊
မကောင်းစစ်စစ် = အကုသိုလ်။
လွန်ကျူးမိလျှင် = တကယ်ဘဲပေါ့၊
အပါယ်ငရဲ = ကျ-မည်ဆို။
လွတ်လာစေဦး = လူမေ့မူး- အရှုးဆက်တိုင်းကိုယ်။

အဲဒါကြောင့်—ပဥ္စသီလ— တည်ကြပါစေလို့။

(၁၇) ငါးပါးသီလကျူးလွန်ခြင်း၏ အပြစ်များ

(က) သူ့အသက်ကိုသတ်ခြင်း၏အပြစ်များ

၁။ ကိုယ်အင်္ဂါချို့တဲ့ခြင်း။

၂။ အရပ်အနေအထားအချိုး မကျခြင်း။

၃။ နှုံးနှေး လေးဖင့်ခြင်း။

၄။ ခြေလက်ဝါးမညီညွတ်ခြင်း။

၅။ မလှမပ—မတင့်တယ်ခြင်း။
၆။ အရောင်အဆင်း မပြောင်ဝင်းခြင်း။
၇။ အသားအရေ ကြမ်းတမ်းခြင်း။
၈။ ကြောက်ရွံ့တတ်ခြင်း။
၉။ ခွန်အားဗလ မရှိခြင်း။
၁၀။ ချစ်ခင်သူ မရှိခြင်း။
၁၁။ စကားပြေပြစ်စွာ မပြောတတ်ခြင်း။
၁၂။ မိမိအား ပရိသတ်အကြိမ်ကြိမ် ဖျက်ဆီးတတ်ခြင်း။
၁၃။ ထိတ်လန့်တတ်ခြင်း။
၁၄။ လက်နက်အဆိပ် ဘေးသင့်ခြင်း။
၁၅။ သူများ ပယောဂကြောင့် သေရခြင်း။
၁၆။ တွေဝေ မိုက်မဲခြင်း။
၁၇။ ခြွေရံပရိသတ် နည်းပါးခြင်း။
၁၈။ ရွံစရာကောင်းသောရုပ်အဆင်း ရှိခြင်း။
၁၉။ ကုန်းကောသော ကိုယ်ရှိခြင်း။
၂၀။ ကြောင့်ကြ စိုးရိမ်မှုများခြင်း။
၂၁။ ဘေးရန်များခြင်း။
၂၂။ ချစ်ခင်သော သားသမီးတို့နှင့် ကွေကွင်းရခြင်း။
၂၃။ အသက်တိုခြင်း။

(ခ) သူ့ဥစ္စာကို ခိုးယူခြင်း၏အပြစ်များ

၁။ မြတ်သောဥစ္စာမျိုး မရရှိခြင်း။
၂။ ယုတ်ညံ့သောဥစ္စာမျိုးကိုသာရရှိခြင်း။

၃။ ပစ္စည်းဥစ္စာ နည်းပါးခြင်း။
၄။ အလှန်ဆင်းရဲ မွဲတေခြင်း။
၅။ မရသေးသော ဥစ္စာကို မရနိုင်ခြင်း။
၆။ ရပြီးစည်းစိမ်ဥစ္စာများ ဆုတ်ယုတ်ပျက်စီးခြင်း။
၇။ လိုရာဥစ္စာအား မရနိုင်ခြင်း။
၈။ ရန်သူမျိုးငါးပါးနှင့်သာ ဆက်ဆံတွေ့ကြုံရခြင်း။
၉။ သူတပါးနှင့်ဆက်ဆံရသော ဥစ္စာမျိုးသာ ရရှိခြင်း။
၁၀။ မရှိကောင်းကိုသာ ကြားရခြင်း။
၁၁။ ချမ်းသာစွာ မနေရခြင်း။
၁၂။ လောကုတ္တရာဥစ္စာကို မရရှိနိုင်ခြင်း။

(ဂ) သူတပါးသားမယားအား ကျူးလွန်ခြင်း၏ အပြစ်များ

၁။ အပါယ်လေးပါးသို့ လားရခြင်း။
၂။ မိန်းမ ပဏ္ဍုတ် ဖြစ်ရခြင်း။
၃။ ရန်သူနှင့် တွေ့ရခြင်း။
၄။ လူအများ မုန်းတီးခြင်း။
၅။ စား၊ ဝတ်၊ အိပ်ရာ ရခဲခြင်း။
၆။ ဆင်းဆင်းရဲရဲ အိပ်ရနိုးရခြင်း။
၇။ အမျက်ဒေါသ ကြီးခြင်း။
၈။ လောကုတ္တရာတရား မရရှိနိုင်ခြင်း။
၉။ ဘေးတွေ့တတ်ခြင်း။
၁၀။ ယုံကြည်မှု ကင်းမဲ့ခံရခြင်း။
၁၁။ အသက်တိုခြင်း။

၁၂။ ဆင်းရဲကြီးစွာ တွေ့ရခြင်း။
၁၃။ ချစ်သူနှင့် ကွေကွင်းရခြင်း။
၁၄။ ယုံမှားသံသယ များခြင်း။
၁၅။ စည်းစိမ်ဥစ္စာ ပျက်ပြုန်းခြင်း။

(ဃ) လိမ်လည် ပြောဆိုခြင်း၏ အပြစ်များ

၁။ မကြည်ညိုဘွယ် ရုပ်အဆင်းရှိခြင်း။
၂။ သွား မညီညွတ်ခြင်း။
၃။ နားမချမ်းသာသော အသံရှိခြင်း။
၄။ ဝလွန်းဆူလွန်းခြင်း။
၅။ ပိန်လွန်း သေးလွန်းခြင်း။
၆။ နိမ့်လွန်း ပုလွန်းခြင်း။
၇။ မြင့်လွန်း ရှည်လွန်းခြင်း။
၈။ ကြမ်းတမ်းသော အသားအရေရှိခြင်း။
၉။ ခံတွင်းပါးစပ်ပုပ်ညှီခြင်း။
၁၀။ ဆွံ့အ တုန်လှုပ်ခြင်း။
၁၁။ သူတပါးတို့မယုံကြည်ခြင်း။
၁၂။ စကား မပီခြင်း။
၁၃။ လျှပ်ပေါ်လော်လည်တတ်ခြင်း။
၁၄။ မိုက်မဲတွေဝေခြင်း။
၁၅။ ဉာဏ်ပညာနည်းပါးခြင်း။
၁၆။ ကြောက်ရွံ့တတ်ခြင်း။

(၀)သေရည် သေရက် သောက်စားခြင်း၏ အပြစ်များ

၁။ ကောင်းမကောင်း သင့်မသင့် မချင့်ချိန်တတ်ခြင်း။
၂။ အခွင့်အခါမသိ၍ စီးပွားပျက်စီးတတ်ခြင်း။
၃။ သူ့ကျေးဇူးကို မသိတတ်ခြင်း၊
၄။ အရှက် အကြောက်ကင်းမဲ့ခြင်း။
၅။ ကုသိုလ်၊ ဉစ္စာ၊ ပညာ မရှာဖွေနိုင်ခြင်း။
၆။ သတိကင်းလွတ်၍ တွေဝေတတ်ခြင်း။
၇။ ပျင်းရိခြင်း။
၈။ စိတ်ဖောက်ပြန်တတ်ခြင်း၊(ရူးသွပ်တတ်ခြင်း)
၉။ သေသည်၏အခြားမဲ့၌ အပါယ်သို့လားရခြင်း။

(၁၈) ဘုရားဂုဏ်တော် (၉ပါး) [မြန်မာပြန်]

၁။ အရဟံ

သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန၊ဤသို့လူမင်း၊နတ်မင်း၊ ဗြဟ္မာမင်းတို့၏ပူဇော် အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ၊ အရဟာ မည်တော်မူ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ

သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန၊ ဤသို့ အလုံးစုံသော တရားအပေါင်းတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် သိမြင်တော်မူသော အကြောင်း ကြောင့် လည်း၊ သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော

သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓတိပိဋကမိနာဝ ကာရကောနာ၊ ဤသို့ ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါး၊စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သုဂတော

သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓတိပိဋကမိနာဝ ကာရကောနာ၊ ဤသို့ ကောင်းမြတ်သော စကားကိုသာ ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊ သုဂတော၊သုဂတ မည်တော်မူ၏။

၅။ လောကဝိဒူ

သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓတိပိဋကမိနာဝ ကာရကောနာ၊ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောက တည်းဟူသော လောကသုံးပါးကို ထင်ရှား သိမြင် တော်မူသောအကြောင်းကြောင့်လည်း၊လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ

သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓတိပိဋကမိနာဝ ကာရကောနာ၊ ဤသို့ လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား ကောင်းစွာ ယဥ်ကျေး သိမ်မွေ့အောင် ဆုံးမတော်မူသော အကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မသာရထိ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

၇။ သတ္ထာ ဒေဝမနုဿာနံ

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့် လည်း၊ သတ္ထာဒေဝ မနုဿာနံ၊သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

၈။ ဗုဒ္ဓေါ

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာစ ကာရဏေန၊ဤသို့ သစ္စာလေးပါး မြတ်တရားအပေါင်းတို့ကို အကြွင်းမရှိ ကိုယ်တော်တိုင် သိမြင်တော်မူသော အကြောင်း ကြောင့်လည်း၊ဗုဒ္ဓေါ၊ဗုဒ္ဓ မည်တော်မူ၏။

၉။ ဘဂဝါ

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ဣဿရိယ၊ ဓမ္မ၊ ယသ၊သီရိ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ဘဂဝါ၊ဘဂဝါ မည်တော်မူ၏။

(၁၉) တရားဂုဏ်တော် (၆) ပါး [မြန်မာပြန်]

ဘဂဝသော၊ ဣဿရိယ စသည် ထင်ရှား၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်-ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို-

၁။ သွာက္ခာတော — စ-လယ်-ဆုံး၊ သုံးပါးသော ကောင်းမြတ်ခြင်းနှင့်ပြည့်စုံအောင်ကောင်းစွာ ဟောကြားတော်မူအပ်၏။

၂။ သန္ဒိဋ္ဌိကော — ကောင်းစွာကိုယ်တိုင် ရှုမြင်အပ်၏။

၃။ အကာလိကော — အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်၏။

၄။ ဧဟိပဿိကော — လာလှည့်ရှုလှည့် ဟူသောစိရင်ခြင်းငှာ ထိုက်၏။

၅။ ဩပနေယျိကော — မိမိ၏ စိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်၏။

၆။ ဝိညူဟိ — ပညာရှိတို့သည်
ပစ္စတ္တံ — အသီးသီး မိမိတို့၏စိတ်၌
ဝေဒိတဗ္ဗော — သိအပ် ရှုအပ် ခံစားအပ်၏။

(၂၀) သံဃာ့ဂုဏ်တော် (၉) ပါး [မြန်မာပြန်]

ဘဂဝတော = မြတ်စွာဘုရား၏
သာဝကသံဃော — တပည့်သားသံဃာ တော်သည်၊

၁။ သုပ္ပဋိပန္နော — အကျင့်သိက္ခာဆိုင်ရာကျင့်ဝတ်တို့ကို ကောင်းစွာ ကျင့်တော်မူ၏။

၂။ ဥဇုပ္ပဋိပန္နော — အကျင့်သိက္ခာဆိုင်ရာကျင့်ဝတ်တို့ကို ဖြောင့်မတ်စွာ ကျင့်တော်မူ၏။

၃။ ဉာယပ္ပဋိပန္နော — နိဗ္ဗာန်အကျိုးငှာ လျော် ကန် စွာ ကျင့်တော်မူ၏။

၄။ သာမီစိပ္ပဋိပန္နော — အရိုအသေပြုခြင်းငှာ ထိုက်အောင် အကျင့်သိက္ခာဆိုင်ရာ ကျင့်ဝတ်တို့ကို ကျင့်တော်မူ၏။

၅။ အာဟုနေယျော — အဝေးမှဆောင်၍၊ ကြည်ဖြူလေး မြတ် ပူ ဇော် အပ် သော ပစ္စည်း လေးရပ်ကို ခံတော်မူထိုက်၏။

၆။ ပါဟုနေယျော — ချစ်နှစ်လိုမှု အာဂန္တု ဧည့်သည်တို့ အလို့ငှာ၊ ကောင်းစွာစီရင်ထားအပ်သည့် မြတ်သော အလှူကိုလည်း ခံကော်မူထိုက်၏။

၇။ ဒက္ခိဏေယျော — သတ္တဝါတို့ ချမ်းသာပွားကြောင်း၊ ကောင်းစွာကြည်ဖြူကပ်လှူအပ်သည့် မြတ်သောအလှူကိုလည်း ခံတော်မူထိုက်၏။

၈။ အဉ္ဇလိကရဏီယော — ကောင်းကျိုးလိုလား၊နတ်လူအများတို့၏ လက်အုပ်ချီ ရှိခိုးခြင်းကိုလည်း ခံယူတော်မူထိုက်၏။

၉။ လောကဿ အနုတ္တရံ ပုညက္ခေတ္တံ — ဗြဟ္မာ နတ် လူ သုံးဘုံသူ၏ နှိုင်းရာ ကင်းဘိ အတုမရှိသော ကောင်းမှု မျိုး၏ စိုက်ပျိုး ကြဲရာ လယ်၊ ယာ၊

မြေကောင်းသဘွယ်လည်း ဖြစ်တော်မူ၏။

(၂၁) သမ္ဗုဒ္ဓေဂါထာတော် [မြန်မာပြန်]

အဋ္ဌဝီသဉ္စ	— သုံးပါးဘဝ၊သုံးလောကတွင်၊ဥာဏ ရောင်ဖိတ်၊ အောင် ဘိ သိက် နှင့်၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။
သမ္ဗုဒ္ဓေစ	— တန်ဆောင်ပမာ၊ဥာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း၊တရားမင်းတို့ကိုရှင်း၊
ဒွါဒသဉ္စသဟဿကေ	— နိဗ္ဗာန် ကိန်း အောင်း၊ စက်မွေ့ လျောင်း သည့်၊ တသောင်း နှစ် ထောင်ကုန်သော
သမ္ဗုဒ္ဓေစ	— လရောင်ပမာ၊ ဥာဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းပြောင်၊ မြတ်ဘုန်းခေါင် တို့ကိုလည်းကောင်း၊
ပဉ္စသတ သဟဿာနိ	— သောင်းတိုက်စကြဝဠာ၊ ဂုဏ်ရောင် ဝါရှိန်၊ ငါးသိန်းကုန်သော
သမ္ဗုဒ္ဓေစ	— နေရောင်ပမာ၊ ဥာ ်ရောင်ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ် မု နိန် တို့ကို လည်းကောင်း၊
အဟံ	— အကျွန်ုပ်သည်၊
သိရသာ	— ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊
နမာမိ	— ရှိခိုးပါ၏။

အပ္ပကံ-ဝါဠုကံ-ဂင်	–	ဂင်္ဂါမြစ်ထဲ၊ ငွေသောင်သဲကို၊ နည်းစေတတ်သော၊
အနန္တံ	–	သင်္ချာဂဏန်း၊ ရေတွက်မှန်းလည်း၊ ဆုံးခန်းတိုင်မြောက်၊ မရောက်နိုင်ထသော၊
နိဗ္ဗုတံ	–	ဘုံဇာတ်သိမ်း၍၊ အေးငြိမ်းတော်မူပြီးထသော
ဇိနဉ္စ	–	နှောက်ယှက်ဖန်လာ၊မာရ်ငါးဖြာကို အရိယာမဂ်၊ ဘုန်းရောင်စက်ဖြင့်၊ ချိုးဖျက်လွယ်ကူ၊ အောင်တော်မူသော ဘုရားရှင် အပေါင်း တို့ကို လည်းကောင်း၊
တေသံ	–	ထိုငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏
ဓမ္မဉ္စ	–	တရားတော်မြတ်ကိုလည်းကောင်း
သံဃဉ္စ	–	တပည့်သား သံဃာတော်မြတ်တို့ကို လည်းကောင်း
အဟံ	–	အကျွန်ုပ်သည်
အာဒရေန၊ အာဒရံ	–	ရိုသေစွာ
နမာမိ	–	ရှိခိုးပါ၏။
နမက္ကာရာနုဘာဝေန	–	ဤသို့ရှိခိုးပူဇော်၊ ဖူးမျှော်ကန်တော့ ရသော ပဏာမ ကုသိုလ်စေတနာ တို့ကြောင့်

သဗ္ဗေ	–	ခပ်သိမ်းကုန်သော
ဥပဒ္ဒဝေ	–	ဘေးရန်တို့ကို
ဟိတွာ	–	ပယ်ဖျောက်၍
အနေကအန္တရာယာပိ	–	များစွာကုန်သောအန္တရာယ်တို့သည်လည်းကောင်း
အနသသတော	–	အကြွင်းအကျန် မရှိသောအားဖြင့်
ဝိနာသန္တု	–	ကင်းစင်ပျောက်ပျက်စေကုန်သတည်း။

(၂၂) အနန္တော၊ အနန္တငါးပါး [မြန်မာပြန်]

၁။ ဗုဒ္ဓဂုဏော	–	မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်သည်
အနန္တော		အဆုံး အပိုင်း အခြား မရှိ၊
၂။ ဓမ္မဂုဏော	·	တရားတော်၏ ဂုဏ်တော် ကျေးဇူးတော်သည်
အနန္တော		အဆုံး အပိုင်း အခြား မရှိ။
၃။ သံဃဂုဏော	–	သံဃာတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်သည်
အနန္တော	–	အဆုံး အပိုင်း အခြား မရှိ။
၄။ မာတာပိတုဂုဏော	–	အမိအဘတို့၏ ဂုဏ်တော် ကျေးဇူးတော်သည်
အနန္တော	–	အဆုံး အပိုင်း အခြား မရှိ။

၅။ အာစရိယဂုဏော – ဆရာသမားတို့၏ ဂုဏ်တော် ကျေးဇူးတော်သည်
အနန္တော – အဆုံး အပိုင်း အခြား မရှိ။

(၂၃) ရှစ်ပါးသီလ

(က) ရှစ်ပါးသီလတောင်း (မြန်မာပြန်)

ဘန္တေ = အရှင်ဘုရား
အဟံ = ဘုရားတပည့်တော်သည်
တိသရဏေန = သရဏဂုံသုံးပါးနှင့်
သဟ = တကွ
အဋ္ဌင်္ဂသမန္နာဂတံ = အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော
ဥပေါသထသီလံ = ဥပုသ်သီလဟု ဆိုအပ်သော
ဓမ္မံ = ကျင့်ဝတ်တရားတော်မြတ်ကို
ယာစာမိ = တောင်းခံပါ၏။
ဘန္တေ = အရှင်ဘုရား
တုမှေ = အရှင်ဘုရားတို့သည်
မေ = တပည့်တော်အား
အနုဂ္ဂဟံ = ချီးမြှင့်ခြင်းကို
ကတွာ = ပြု၍
သီလံ = ရှစ်ပါးသော သီလတော်မြတ်ကို
ဒေထ = ပေးသနားတော်မူပါ အရှင်ဘုရား
အာမဘန္တေပါ
အရှင်ဘုရား = ကောင်းပါပြီအရှင်ဘုရား

(ခ) ရှစ်ပါးသီလ (မြန်မာပြန်)

၁။ ပါဏာတိပါတာ – (ဖော်ပြပြီး)
၂။ အဒိန္နာဒါနာ = (ဖော်ပြပြီး)
၃။ အဗြဟ္မစရိယာ – မမြတ်သော မေထုန်အမှုကို ကျင့်ခြင်းမှ
၄။ မုသာဝါဒါ – (ဖော်ပြပြီး)
၅။ သုရာမေရယ – (ဖော်ပြပြီး)
၆။ ဝိကာလဘောဇနာ – နေလွဲညစာ စားသောက်ခြင်းမှ
၇။ နစ္စ-ဂီတ-ဝါဒိတ) = ကခြင်း၊ သီဆိုခြင်း တီးမှုတ်
ဝိသုက-ဒဿန) ခြင်း၊ ကြည့်ရှုခြင်း၊ နား
မာလာဂန္ဓ၊ဝိလေပန) ထောင်ခြင်း၊ ပန်းပန်ခြင်း၊
ဓာရဏ၊ မဏ္ဍန၊) နံ့သာ လိမ်းကျံခြင်း၊ တင့်
ဝိဘူသနဋ္ဌာနာ) တယ် လှပအောင် ပြုပြင်
) ခြင်း၊ တန်ဆာဆင်ခြင်းတို့မှ
၈။ ဥစ္စာသယန- = မြင့်သောနေရာ၊ မြတ်သော
မဟာသယနာ နေရာတို့၌ နေခြင်းမှ
ဝေရမဏီ – ရှောင်ကြဉ်ခြင်းဖြစ်သော
သိက္ခာပဒံ – သိက္ခာပုဒ်ကို
သမာဒိယာမိ – ကောင်းစွာ ဆောက်တည်ပါ၏။

(၂၄) ဆယ်ပါးသီလ

(က) ဆယ်ပါးသီလတောင်း (မြန်မာပြန်)

ဘန္တေ — အရှင်ဘုရား
အဟံ — တပည့်တော်သည်
တိသရဏေန — သရဏဂုံသုံးပါးနှင့်
သဟ — တကွ
ဒသ — ဆယ်ပါးသော
ဂဟဋ္ဌသီလံ — ဆောက်တည်အပ်သည့် သီလတော်ဟု ဆိုအပ်သော
ဓမ္မံ — ကျင့်ဝတ် သိက္ခာပုဒ်တော်ကို
ယာစာမိ — တောင်းခံပါ၏။
ဘန္တေ — အရှင်ဘုရား
မေ — တပည့်တော်အား
အနုဂ္ဂဟံ — ချီးမြှင့်ခြင်းကို
ကတွာ — ပြု၍
သီလံ — ဆယ်ပါးသော သီလတော်မြတ်ကို
ဒေထ — ပေးသနားတော်မူပါဘုရား။

(ခ) ဆယ်ပါးသီလ (မြန်မာပြန်)

၁။ ပါဏာတိပါတာ =) ၈-ပါးသီလတွင်
၂။ အဒိန္နာဒါနာ =) ဖော်ပြပြီး

၃။ အဗြဟ္မစရိယာ =
၄။ မုသာဝါဒါ =
၅။ သုရာမေရယ =
၆။ ဝိကာလဘောဇနာ =
(ရှစ်ပါးသီလတွင် ဖော်ပြပြီး)

၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူကဒဿန = ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုခြင်း၊ နားထောင်ခြင်းတို့မှ

၈။ မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန ဝိဘူသနဋ္ဌာနာ = ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ တင့်တယ်လှပအောင် ပြုပြင်ခြင်း၊ တန်ဆာဆင်ခြင်းတို့မှ

၉။ ဥစ္စာသယန-မဟာသယနာ = (ရှစ်ပါးသီလတွင် ဖော်ပြပြီး)

၁၀။ ဇာတရူပ၊ ရဇတ-ပဋိဂ္ဂဟဏာ = ရွှေ၊ ငွေကို ကိုင်တွယ်သုံးစွဲခြင်းမှ

ဝေရမဏီ — ရှောင်ကြဉ်ခြင်း ဖြစ်သော
သိက္ခာပဒံ — ကျင့်ဝတ်သိက္ခာပုဒ်တော်ကို
သမာဒိယာမိ — ကောင်းစွာ ဆောက်တည်ပါ၏။

(၂၅) သင်္ဂဇာ၊ ဆရာတော် သိင်္ဂါလောဝါဒသုတ် ကျင့်ဝတ်များ

(၁) သားသမီးကျင့်ဝတ် ငါးပါး

၁။ ကျွေးမွေးမပျက်၊ ၂။ ဆောင်ရွက်စီမံ၊
၃။ မွေခံထိုက်စေ၊ ၄။ လူမျိုဝေ၍၊
၅။ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်—
ကျင့်ဘွယ်သားတို့တာ။

(၂) မိဘကျင့်ဝတ်ငါးပါး

၁။ မကောင်းမြစ်တား၊ ၂။ ကောင်းရာညွှန်လတ်၊
၃။ အတတ်သင်စေ၊ ၄။ ပေးဝေနှီးရင်း၊
၅။ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်—
ဘခင်မယ်တို့တာ။

(၃) တပည့်ကျင့်ဝတ် ငါးပါး

၁။ ညီညာထကြွ၊ ၂။ ဆုံးမနာယူ၊
၃။ လာမူကြိုဆီး၊ ၄။ ထံနီးလုပ်ကျွေး၊
၅။ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်—
မချွတ်ငါးခုသာ။

(၄) ဆရာ့ကျင့်ဝတ်ငါးပါး

၁။ အတတ်လည်းသင်၊ ၂။ ပဲ့ပြင်ဆုံးမ၊
၃။ သိပ္ပမချန်၊ ၄။ ဘေးရန်ဆီးကာ၊
၅။ သင့်ရာအပ်ပို့၊ ဆရာတို့-ကျင့်ဘို့ဝတ်ငါးဖြာ။

(၅) လင့်ဝတ္တရားငါးပါး

၁။ မထေမဲ့ကင်း၊ ၂။ အပ်နှင်းဥစ္စာ

၃။ မိစ္ဆာမမှား ၄။ ဝတ်စားဆင်ယင်၊

၅။ မြတ်နိုးကြင်၊ ငါးအင်- လင့်ကျင့်ရာ။

(၆) မယားဝတ္တရားငါးပါး

၁။ အိမ်တွင်းမှုလုပ်၊ ၂။ သိမ်းထုပ် သေချာ၊

၃။ မိစ္ဆာကြဉ်ရှောင်၊ ၄။ လျော်အောင်ဖြန့်ချိ၊

၅။ ပျင်းရိမမူ၊ ဝတ်ငါးဆူ- အိမ်သူကျင့်အပ်စွ။

(၇) မိတ်ဆွေကျင့်ဝတ်ငါးပါး

၁။ ပေးကမ်းချီးမြှင့်၊ ၂။ ကိုယ်နှင့်ယှဉ်ထား၊

၃။ စီးပွားဆောင်ရွက်၊ ၄။ နှုတ်မြွက်ချိုသာ၊

၅။ သစ္စာမှန်စေ၊ ဝတ်ငါးထွေ-ကျင့်လေမိတ်သဟာ။

(၈) အရှင်ကျင့်ဝတ်ငါးပါး

၁။ ဝစ္စာကျွေးမွေး၊ ၂။ ပြုဆေးစီရင်၊

၃။ နာလျှင်ကုစေ၊ ၄။ ၄ဝေရသာ၊

၅။ အခါကိုလွှာ၊ အရှင့်ဝတ်- မချွတ်ငါးခုသာ၊

(၉) ကျွန်ကျင့်ဝတ် ငါးပါး

၁။ အိပ်သော်နောက်ကျ၊ ၂။ ထသော်ကားရှေ့၊

၃။ ပေးမှယူအပ်၊ ၄။ စေ့စပ်ဆောင်ရွက်၊

၅။ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

(၁၀) ဒါယကာကျင့်ဝတ် ငါးပါး

၁။ မေတ္တာစိတ်သက်၊ ၂။ ဆောင်ရွက်ချစ်ခင်၊
၃။ ခင်မင်နှုတ်ချို၊ ၄။ လိုလျှင်ဖိတ်ထား၊
၅။ တတ်အားလှူစေ၊ ဝတ်ငါးထွေ-ပြုလေ ဒါယကာ။

(၁၁) ရဟန်းကျင့်ဝတ် (၆)ပါး

၁။ မကောင်းမြစ်တား၊ ၂။ ကောင်းရာညွှန်လှစ်၊
၃။ အသစ်ဟောကျူး၊ ၄။ နာဘူးထပ်မံ၊
၅။ နတ်ထံတဲင်ရာ၊ ၆။ မေတ္တာလည်းပြု၊
ရဟန်းမှု-ခြောက်ခု လွန်သချာ။

(၂၆) ဆရာတော်ဦးဗုဒ်
ဂိဟိ ဝိနယ-ဆုံးမစာများ

(၁) ဥစ္စာပျက်ကြောင်း အပြစ် (၆)ပါး

၁။ သေစာသောက်စား၊ ၂။ လမ်းသွားခါမဲ့၊
၃။ ရှုငဲ့သဘင်၊ ၄။ ပျော်ရွှင်အံလောင်း၊
၅။ မကောင်းမိတ်ဖျင်း၊ ၆။ ပျင်းရိခြင်းကား၊
ယိုယွင်းဥစ္စာ၊ ပျက်ကြောင်းတည်း။

(၂) အရက်သောက်ခြင်းအပြစ် (၆)ပါး

၁။ ဥစ္စာယုတ်ခြင်း၊ ၂။ ငြင်းခုံများစွာ၊
၃။ ရောဂါထူပြော၊ ၄။ ကျော်ဇောမဲ့တုံ၊
၅။ မလုံအင်္ဂါ၊ ၆။ ပညာနည်းရှား၊
ဤခြောက်ပါးကား၊သောက်စားသေစာ အပြစ်တည်း။

(၃) ညအခါသွားလာခြင်း အပြစ်(၆)ပါး

၁။ ကိုယ့်သားမယား၊ ၂။ တခြားဥစ္စာ၊
၃။ လုံရာမဲ့ရှောင်း၊ ၄။ မကောင်းအရာ၊
၅။ ရှိရှာလေအပ်၊ ၆။ ယိုးစွပ်ရောက်မှု၊
ဆင်းရဲစု ခြောက်ခု ခါမဲ့သွားပြင်တည်း။

(၄) ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ်(၆)ပါး

၁။ ကခြင်းတသီ၊ ၂။ သီသည် တသီး၊
၃။ မှုတ်တီးတသင်း၊ ၄။ ပြိန်ဖျင်းတအုပ်၊
၅။ လက်ခုပ်တလီ၊ ၆။ အိုးစည်တဖြာ၊
ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊
ကြည့်ရှုသဘင်– အပြစ်တည်း။

(၅) လောင်းကစားခြင်း အပြစ်(၆)ပါး

၁။ နိုင်သူရန်ပွား၊ ၂။ ရှုံးသားစိုးရိမ်၊
၃။ စည်းစိမ်လျှော့ပါး၊ ၄။ တရားသဘင်—မဝင်သက်သေ၊
၅။ မိတ်ခဆွေနှိမ်ဆို၊ ၆။ မလိုထိမ်းမြား၊
ဤခြောက်ပါးကား၊ ပျော်ပါးလောင်းကစား အပြစ်တည်း။

(၆) မိတ်ဆွေပျက်ခြင်း အပြစ်(၆)ပါး

၁။ ကြွေအံကြူးထ၊ ၂။ မိန်းမကြူးထွေ၊
၃။ သေစာကြူးမှု၊ ၄။ အတုပြုဂြား၊
၅။ လှည့်စားတထောက်၊ ၆။ မျက်မှောက်လှည့်ကျက်၊
နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

(၇) ပျင်းရိခြင်းအပြစ် (၆) ပါး

၁။ အချမ်းပြည့်ဝှန်၊ ၂။ အလွန်ပူနိုး၊
၃။ မိုးချုပ်လှမှော၊ ၄။ စောလွန်းလှယောင်၊
၅။ ဆာလောင်ပြင်းလှ၊ ၆။ ဝမ်းဝလွန်းထွေ၊
နေက ပညာ၊ မပွားရာသည်၊ ခြောက်ဖြာ ပျင်းသူ အပြစ်တည်း။

(ဂ) နာယကဂုဏ် (၆)

၁။ ထကြွ၊ ၂။ နိုးကြား၊
၃။ သနား၊ ၄။ သည်းခံ၊
၅။ ဝေဖန်၊ ၆။ ထောက်ရှု၊

ဤခြောက်ခု၊ ကျင့်မှုနာယက။

(၂၇) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်

(က) မင်္ဂလသုတ် (အမှန်းတင်ဂါထာ)

ယံမင်္ဂလံ ဒွါဒသဟိ စိန္တယိံသု သဒေဝကာ၊ သောတ္ထာနံ
နာဓိဂစ္ဆန္တိ အဋ္ဌတိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝ ဒေဝေန သဗ္ဗပါပ ဝိနာသနံ၊ သဗ္ဗလောက
ဟိတတ္ထာယ မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ၊ ယေနဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ ဧကမန္တံဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊ အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိမင်္ဂလ မုတ္တမံ။

(ခ) မင်္ဂလာတရားတော် ပါဠိ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၂။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊ အတ္တသမ္မာပဏိဓိ စ၊ ဧတံမင်္ဂလ မုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယော စ၊ သုသိက္ခိတော၊ သုဘာသိတာ စ ယာဝါစာ၊ ဧတံမင်္ဂလ မုတ္တမံ။

၄။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊ အနာကုလာ စ ကမ္မန္တာ၊ ဧတံမင်္ဂလ မုတ္တမံ။

၅။ ဒါနဉ္စ၊ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊ အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံမင်္ဂလ မုတ္တမံ။

၇။ ဂါရဝေါ စ၊ နိဝါတော စ၊ သန္တုဋ္ဌီ စ၊ ကတညုတာ၊ ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊ ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလ မုတ္တမံ။

၉။ တပေါ စ၊ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊၊ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ၊ ဝိရဇံ၊ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မ ပရာဇိတာ၊ သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ တံ တေသံ မင်္ဂလ မုတ္တမံ။

(၂၀) မင်္ဂလသုတ် အမှန်းတင်ပါဠိ + မြန်မာပြန် + မင်္ဂလာတရားတော် ကဗျာနိဒါန်း

ယံ မင်္ဂလံ	=	အကြင်မင်္ဂလာတရားတော်ကို
ဒွါဒသဟိ	=	တဆယ့်နှစ်နှစ်တိုင်အောင်
စိန္တယိံသု	=	ကြံဆောင်ကြကုန်၏။
သဒေဝကာ	=	လူရောနတ်ပါ
သောတ္ထာနံ နာဓိဂစ္ဆန္တိ	=	ကြံစည်ကြ ကုန်သော်လည်း၊ စီးပွား ချမ်းသာ ခြင်း၏ အကြောင်းဖြစ်သော အကြင် မင်္ဂလာ တရားတော်ကို မသိ နိုင်ကြပေ။
အဋ္ဌ-တိံသဉ္စ မင်္ဂလံ	=	ဤ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရား တော်ကို မသိနိုင်ကြ သဖြင့်
ဒေသိတံ	=	ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည် ဟောကြားတော်မူ၏။

ဓေဝ ဒေဝေန	=	နတ်တကာတို့ထက် ကြီးမြတ်တော်မူသော ဘုရားရှင်သည်
သဗ္ဗ-ပါပ-ဝိနာသနံ	=	အလုံးစုံသော မကောင်းမှုတို့ကိုပယ်ဖျောက်စေတတ်သော
သဗ္ဗလောက-ဟိတတ္ထာယ	=	လူနတ် ဗြဟ္မာတို့၏ အကျိုးစီးပွားအတွက်
မင်္ဂလံ 'တံ' ဘဏာမဟေ	=	မင်္ဂလာ တရားတော်ကို သူတော်စင် ကျွန်ုပ်တို့သည် ရွတ်ကြပါစို့။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီး (၃) လကျော်ကြာပြီးနောက်၊ အရှင်မဟာကဿပမထေရ် အမှူးပြု၍၊ ရာဇဂြိုဟ်ပြည်၌၊ ရဟန်းငါးရာ စည်းဝေးလျက် ပထမ သင်္ဂါယနာတင်ကြ၏။

ထိုအချိန်အခါ၌ အရှင်အာနန္ဒာမထေရ်က အရှင်မဟာကဿပမထေရ်အား မင်္ဂလာတရားတော်နှင့် ပတ်သက်၍၊ အောက်ပါအတိုင်း လျှောက်ထား၏။

ဧဝံမေသုတံ	=	ကျွန်ုပ်အရှင် အာနန္ဒာမထေရ်သည် ဤသို့ ကြားနာ မှတ်သား လိုက်ရ၏။
ဧကံသမယံ-ဘဂဝါ	=	အခါတပါး၌ မြတ်စွာဘုရားသခင်သည်
သာဝတ္ထိယံ	=	သာဝတ္ထိပြည်၌

ဇေတ-ဝနေ = ဇေတဝန်ခေါ်

အနာထပိဏ္ဍိကဿ — အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းသော

အာရာမေ = အလွန်ပင် နှလုံးမွေ့လျော်ရာ ဖြစ်သည့် ကျောင်းတော်တွင်

ဝိဟရတိ — သီတင်းသုံးနေတော်မူ၏။

အထခေါ = ထိုအခါ

အညတရာ ဒေဝတာ = မထင်ရှားသော နတ်သားတပါးသည်။

အဘိက္ကန္တာယ-ရတ္တိယာ = သန်းကောင်ယံအချိန်မှာ

အဘိက္ကန္တ ဝဏ္ဏာ — အလွန်တင့်တယ်သောအဆင်းရှိသည် ဖြစ်၍

ကေဝလကပ္ပံ-ဇေတဝနံ = ဇေတဝန် ကျောင်းတော်ကြီး တခုလုံးကို

ဩဘာသေတွာ = ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီးလျှင်

ယေန ဘဂဝါ = အကြင်အရပ်၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရှိ၏။

တေနုပသင်္ကမိ = ထို ဘုရားရှင်ထံ ချဉ်းကပ်ပြီးသော်

ဘဂဝန္တံ အဘိဝါဒေတွာ = ဘုရားသခင်အား ရှိသေလေး မြတ်စွာ ရှိခိုးကန်တော့ပြီးမှ

ကေမန္တံအဇ္ဈဘာသိ = သင့်တင့် လျောက်ပတ်သော အရပ်၌ ရပ်လေ၏။

ကေမာန္တံ ဌိတာခေါ = ရှင်းအရပ်၌ ရပ်ပြီးသော

သာဒေဝတာ = မထင် ရှားသော နတ်သား သည်

ဘဂဝန္တံ = ဘုရားသခင်အား

ဂါထာယအဇ္ဈဘာသိ = ဂါထာဖြင့် ဤသို့ လျှောက် ထား၏။

ဗဟူဒေဝါမနုဿာစ = များပြားလှသော လူနတ်တို့ သည်

မင်္ဂလာနိအစိန္တယုံ = မင်္ဂလာ တရားတော်ကို သိရှိ ရန် တဆယ့် နှစ် နှစ် ကာလ ပတ်လုံး ကြံစည်ကြကုန်သော် လည်း မသိရှိကြပါ။

အာကင်္ခမာနာ = လောကီနှင့် လောကုတ္တရာ အကျိုးစီးပွားနှစ်ပါးကိုခံစား လိုသည် ဖြစ်၍

သောတ္ထာနံ = အကျိုး စီးပွား များခြင်း၏ အကြောင်းဖြစ်သော

ဗြူဟိမင်္ဂလ မုတ္တမံ = လူနတ် ဗြဟ္မာတို့၏ အကျိုး စီးပွားကို သနား ငဲ့ညှာ၍ မင်္ဂလာ တရားတော်မြတ်ကို

ဟောကြားတော်မူပါ အရှင်
ဘုရား။

မြတ်စွာဘုရားသည်၊ ဆယ်ဂါထာဖြင့် အောက်ပါအတိုင်း မင်္ဂလာ တရားတော်အား ဟောကြားတော်မူသည်ကို လိုရင်း အဓိပ္ပါယ်နှင့် မင်္ဂလာကဗျာတို့အား ယှဉ်တွဲဖော်ပြထားသည်။

မင်္ဂလာ တရားတော်ကဗျာ နိဒါန်း

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို
နတ်လူအများ ကြံစည်ပေ၊
ဘယ်ဘင်း ဘယ်ဟာ မင်္ဂလာစစ်ဟု
သေချာဇစ်မြစ်မသိပေ၊
တဆယ့်နှစ်နှစ်တိုင်တိုင် နတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း မပြီးပေ၊
မင်္ဂလာတရား ဝါဒများ ကွဲပြား နတ်လူတွေ
အဲဒါကြောင့် ကြံကြံ စည်ကြံ ကမ္ဘာ့မင်္ဂလာတွေ။
သာဝတ္ထိပြည်မှန်–ဇေတဝန်ကျောင်းဝယ်
ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ၊
သန်းခေါင်ယာမ်ခါ- နတ်သိကြားက
မြတ်စွာဘုရားသို့ ဆည်းကပ်လေ၊
ဆည်းကပ်ပြီးသော် မင်္ဂလာသဘောကို
ထင်စွာဟောဘို့ လျှောက်ပန်ချေ၊
အသေဝနာတရား- အစထား ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရကြားရ ကမ္ဘာ့မင်္ဂလာပေ။

(၂၉) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော် ပါဠိ+မြန်မာပြန်+မင်္ဂလာကဗျာ

၁။ ဆက်ဆံရေးမင်္ဂလာ

အသေဝနာစဗာလာနံ	= လူမိုက်နှင့် မပေါင်းနှင့်၊
ပဏ္ဍိတာနဉ္စ သေဝနာ	= လူလိမ္မာနှင့် ပေါင်းသင်းပါ။
ပူဇာစပူဇနေယျာနံ	= ပူဇော်ထိုက်သူကို ပူဇော်ပါ။
ဧတံမင်္ဂလ မုတ္တမံ	= ဤ (၃) ပါးသည် ကောင်းမြတ်သော မင်္ဂလာတရား ဖြစ်ပေသည်။

၁။ အသေဝနာစ

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှိဝဲနှင့် ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှိဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

၂။ နေထိုင်ရေး မင်္ဂလာ

ပတိရူပဒေသဝါသောစ = သင့်တော်သော အရပ်ဒေသတွင် နေထိုင်ပါ။

ပုဗ္ဗေစ ကတပုညတာ = ရှေးကပြုဘူးသော ကုသိုလ်ကောင်းမှု ရှိပါစေ။

အတ္တသမ္မာပဏိဓိစ = မိမိကိုယ်ကို မိမိ ကောင်းစွာထိန်းပါ။

ဧတံမင်္ဂလမုတ္တမံ = ဤ (၃) ပါးသည် ကောင်းမြတ်သော မင်္ဂလာတရားဖြစ်ပေသည်။

၂။ ပတိရူပ

ကုသိုလ်ပညာ ဥစ္စာရဘို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

၃။ ပညာရေးမင်္ဂလာ

ဗဟုဿစ္စဉ္စ = အကြားအမြင် များပါစေ။
သိပ္ပဉ္စ = နှုတ်မှု လက်မှု ပညာများ တတ်အောင်သင်ပါ။
ဝိနယောစ သုသိက္ခိတော = ကိုယ်ကျင့်တရားကို နားလည် အောင် ကြိုးစား၍ စောင့်ထိန်းပါ။
သုဘာသိတာစယာဝါစာ — အပြောအဆိုလိမ္မာကျွမ်းကျင် ပါစေ။
ဧတံမင်္ဂလ မုတ္တမံ — ဤ (၄) ပါးသည် ကောင်း မြတ်သော မင်္ဂလာတရား ဖြစ်ပေသည်။

၃။ ဗဟုဿစ္စဉ္စ

တတ်ကောင်းတတ်ရာ ဟူသမျှ၊
ကြားမြင်သုတရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနှဲ့၊
အသတ်မွေးဘို့ တတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ့။

၄။ ပြုစုစောင့်ရှောက်ရေး မင်္ဂလာ

မာတာပိတုဥပဋ္ဌာနံ	=	မိဘကိုရိုသေစွာ လုပ်ကျွေးပါ
ပုတ္တဒါရဿသင်္ဂဟော	=	သားမယားကိုပါ လုပ်ကျွေးစောင့်ရှောင့်ပါ။
အနာကုလာစကမ္မန္တာ	=	အပြစ် မရှိသော အလုပ်တာဝန် ကျေပွန်ပါစေ
တေမင်္ဂလမုတ္တမံ	=	ဤ (၃) ပါးသည် ကောင်းမြတ်သော မင်္ဂလာတရားဖြစ်ပေသည်။

၄။ မာတာပိတု

မြင့်မိုရ်ရွှေတောင် မိဘကြေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြေးသစ်ချကာ သားနှင့်မယားကို၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ဆက်ဆံရေး၊
မျှော်တွေးသုံးခဲ့ကြပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၅။ လိုက်နာကျင့်သုံးရေး မင်္ဂလာ

ဒါနဉ္စ	= လှူဒါန်း- ပေးကမ်း စွန့်ကြဲပါ။
ဓမ္မစရိယာ	= တရားကိုကျင့်ကြံ အားထုတ်ပါ။
ဉာတကာနဉ္စ သင်္ဂဟော။	= ဆွေ မျိုး တို့ ကို အထိုက် အလျောက် ထောက်ပံ့ပါ။
အနဝဇ္ဇာနိကမ္မာနိ	= အများ အကျိုးကို ဆောင် ရွက်ပါ။
ဧတံမင်္ဂလ မုတ္တမံ	= ဤ (၄) ပါးသည် ကောင်း မြတ်သော မင်္ဂလာ ဖြစ်ပေ သည်။

၅။ ဒါနဉ္စ-

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပစ်မထားနဲ့၊
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး၊
သည်ပိုးဆောင်ရွက်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၆ ။ရှောင်ကြဉ်ရေး မင်္ဂလာ

အာရတီ-ပါပါ = မကောင်းမှုကို ဝေးစွာရှောင်ကြဉ်ပါ။
ဝိရတီ-ပါပါ = မကောင်းမှုကို အထူးရှောင်ကြဉ်ပါ။
မဇ္ဇပါနာစ-သံယမော = သေရည်သေရက်ကို မသောက်စားပါနှင့်။
အပ္ပမာဒေါစဓမ္မေသု = ကုသိုလ်ကောင်းမှု တရားကို မမေ့ပါနှင့်
တေမင်္ဂလ မုတ္တမံ = ဤ(၄)ပါးသည် ကောင်းမြတ်သော မင်္ဂလာတရား ဖြစ်ပေသည်။

၆။ အာရတိ

မကောင်းမှုတွေဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာရင် မလွန်ကြူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမေ့စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

၇။ စိတ်နေစိတ်ထားရေး မင်္ဂလာ

ဂါရဝေါစ = ရိုသေထိုက်သူကို ရိုသေပါ။
နိဝါတောစ = မိမိကိုယ်ကို နှိမ့်ချပါ။
သန္တုဋ္ဌိစ = ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပါ။
ကတညုတာ = သူတပါးပြုဘူးသည့် ကျေးဇူးကို သိတတ်ပါ
ကာလေန ဓမ္မသဝနံ = အခါအားလျော်စွာ တရားနာပါ။
ဧတံမင်္ဂလ မုတ္တမံ = ဤ(၅)ပါးသည် ကောင်းမြတ်သော မင်္ဂလာတရား ဖြစ်ပေသည်။

၇။ ဂါရဝေါစ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခစား ရိုသေသော။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ့်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊
နားကြား မပြတ်ပေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

၈။ သည်းခံရေးမင်္ဂလာ

ခန္တီစ	=	အရာရာတွင် သည်းခံပါ။
သောဝစဿတာ	=	သွန်သင်ဆုံးမခြင်းကို နာယူလွယ်ပါစေ။
သမဏာနဉ္စ ဒဿနံ	=	ရဟန်းသံဃာကို ဖူးမြင်ပါ။
ကာလေန ဓမ္မသာကစ္ဆာ	=	မကြာခဏ တရားဆွေးနွေးပါ။
ဧတံမင်္ဂလမုတ္တမံ	=	ဤ(၄)ပါးသည် ကောင်းမြတ်သော မင်္ဂလာတရား ဖြစ်ပေသည်။

၈။ ခန္တီစ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်နှံ ဆုံးမစကားကို၊
ပြောကြားလာက နားလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေး မပြတ်ပေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

၉။ ခြိုးခြံချွေတာရေး မင်္ဂလာ

တပေါ စ	=	ခြိုးခြံချွေတာပါ။
ဗြဟ္မစရိယဉ္စ	=	မြင့်မြတ်သော အကျင့်ကို ကျင့်ပါ။
အရိယာသစ္စာန ဒဿနံ	=	သစ္စာ(၄)ပါး တရားကို သိအောင်ကျင့်ပါ။
နိဗ္ဗာန·သစ္ဆိကိရိယာ စ	=	နိဗ္ဗာန်ကို မြင်အောင်ရှုပါ။
ဧတံမင်္ဂလမုတ္တမံ	=	ဤ (၄)ပါးသည် ကောင်းမြတ်သော မင်္ဂလာ တရား ဖြစ်ပေသည်။

၉။ တပေါ စ

လောကီအာရုံ ဇိမ်ယစ်မူးလို့၊
ပျော်မကျူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသေ့။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်း ပေါက်ပါစေ။
အဲဒါမှ"ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

၁၀။ စိတ်ဓာတ် ခိုင်ခံ့ရေးမင်္ဂလာ

ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ	=	လောကဓံတရား တပါးပါးနှင့် ထိတွေ့ခံစားရသော အခါ မတုန်မလှုပ်ပါနှင့်။
အသောကံ	=	မတွေးတော မစိုးရိမ်ပါနှင့်။
ဝိရဇံ	=	မက်မောမှု မရှိပါနှင့်။
ခေမံ	=	ကြည်လင်အေးချမ်းအောင် စိတ်ကို လေ့ကျင့်မွေးမြူပါ။
ဧတံ-မင်္ဂလမုတ္တမံ	=	ဤ (၄)ပါးသည် ကောင်းမြတ်သော မင်္ဂလာ တရားဖြစ်ပေသည်။

၁၀။ ဖုဋ္ဌဿ

ဆင်းရဲချမ်းသာ သဘာဝကို၊
တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲလဲ အမြဲနေ။
လောကဓံကြုံ မဖြုန်တမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမက်သိမ်း၊
အေးငြိမ်း ချမ်းသာနေ။
အဲဒါမှ "ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

၁၁။ မင်္ဂလသုတ် အကျိုးတရား

ဧတာဒိသာနိ	=	သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားကို
ကတွာန	=	လိုက်နာကျင့်ဆောင်လျှင်
သဗ္ဗတ္ထ	=	အလုံးစုံသော အရပ်တို့၌
မ -ပရာဇိတာ	=	ရန်သူ အပေါင်းသည် မိမိကို မအောင်မြင်ဘဲ ရှိကုန်ပြီးနောက်
သောတ္ထိံ ဂစ္ဆန္တိ	=	အလုံးစုံသော ကောင်းကျိုး ချမ်းသာသည် ရောက်တတ် ကုန်၏။
တံမင်္ဂလ မုတ္တမံ	=	ဤသုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်သည် လူ နတ် ဗြဟ္မာတို့အတွက် ကောင်း မြတ်သော မင်္ဂလာများပင် ဖြစ်ပေသည်။

၁၁။ ဧတာဒိသာနိ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထုံးကို
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါ်လို့

စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊
အောင်ရမည် ကိန်းသော။
အဲဒါကြောင့် ပန်ကြဆင်ကြ၊
မင်္ဂလာ့ပန်းခိုင်တွေ။

ဒဂုန်-ဦးထွန်းမြင့်

(၃၀) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်ကို
တနေ့တည်းနှင့်ကျင့်ဆောင်နည်း

(ဓမ္မကံ မှတ်စုစာ)

"ဓမ္မကံမှတ်စုစာ" စာအုပ်ကို အလောင်း မင်း တရားကြီး အထူးအားထား ကိုးကွယ်ခဲ့သော အတုလ ဆရာတော်ဘုရား ရေးသားတော်မူခဲ့ခြင်း ဖြစ်လေသည်။ ၎င်းဆရာတော် ဘုရား ကြီးမှ ကျယ်ဝန်းနက်နဲလှသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား တော်ကို တထိုင်တည်း၊ တနေ့တည်းနှင့် ကျင့်ဆောင် နိုင်စေရန် အတိုဆုံး၊ အလွယ်ဆုံး၊ အရှင်းဆုံးဖြစ်အောင် ကြံဆောင်၍ "ဓမ္မကံ မှတ်စုစာ" အနေဖြင့် ရေးသား လမ်းညွှန်တော်မူ ခဲ့ပေသည်။ ဤမှန်မြတ်လှသော ဓမ္မကံမှတ်စုစာ သည်အလွန်ပင် အဖိုးတန်လှ သ ဖြင့် အလေးဂရုပြု၍၊ လေ့ လာ မှတ်သား နည်းယူနိုင်ကြ ပါကုန်စေသတည်း။

မင်္ဂလာပါပံ လုနာ တိ ဆိန္ဒ တီတိ မင်္ဂ လံ။ မင်္ဂလာပါပံ- မကောင်းမှုကို၊ လုနာတိဆိန္ဒတိ-ရိတ်ဖြတ်တတ်၏။ ဣတိတသ္မာ ထိုကြောင့်။မင်္ဂလံ-မင်္ဂလာမည်၏ဟူ၍လာသော ဝစနတ္တနှင့်အညီ

(၃၈)ပါး အပြားရှိသော မင်္ဂလာတရားတို့ကို"တနေ့တည်း"နှင့် ကျင့်ဆောင်ဟန်ကို ဆိုပေအံ့။

အကြင်သူသည် ဥပုသ်နေ့၌ ရတနာသုံးပါးအထံ၌၊ ဆည်းကပ်၍ အလှူပေး၏၊ တရားလည်းနာ၏။ တရားစကားလည်း ဆွေးနွေး၏။ ဥပုသ်လည်းစောင့်၏။ ထိုသူသည်(၃၈)ပါးသော မင်္ဂလာကို ပြည့်စုံရသတည်း။

ပြည့်ဟန်ကား—

၁။ ရတနာသုံးပါး ရှိရာအရပ်သို့ သွားခြင်းသည် သူယုတ်တို့ကို ကြဉ်ရသောကြောင့် "အသေဝနာစ မင်္ဂလာ"မည်၏။

၂။ သူတော်ကောင်းထံ ဆည်းကပ်မှီခိုသောကြောင့်"ပဏ္ဍိတ သေဝနာ မင်္ဂလာ"မည်၏။

၃။ ရတနာသုံးပါးတို့အား ပူဇော်ခြင်းသည် "ပူဇာစပူဇနေယျာ မင်္ဂလာ" မည်၏။

၄။ ရတနာသုံးပါး ရှိရာအရပ်ကို ရောက်ခြင်းသည် "ပတိရူပ ဒေသဝါသ မင်္ဂလာ" မည်၏။

၅။ ရှေးကောင်းမှုပြုသောကြောင့် "ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ" မည်၏။

၆။ ကိုယ်စိတ် ခြိုးခြံ၍ စောင့်ရှောက်ခြင်းသည် "အတ္တသမ္မာပဏိဓိ မင်္ဂလာ" မည်၏။

၇။ အကြား အမြင်ကို ဆည်းပူးခြင်းသည် "ဗဟုသစ္စ မင်္ဂလာ" မည်၏။

၈။ သူတော်ကောင်းတို့ လေ့လာအပ်သော တရားကို မှတ်သားခြင်းသည် "သိပ္ပ မင်္ဂလာ" မည်၏။

၉။ အကုသိုလ်တရား၌ မစွန်းမငြိစေမူ၍ ကိုယ်နှုတ် နှလုံး သုံးပါးကို (စောင့်ရှောက်ခြင်းသည်) ဆုံးမခြင်းသည် "ဝိနယ သုသိက္ခိတ မင်္ဂလာ" မည်၏။

၁၀။ ထိုတရားကို စောင့်သောနေ့၌ သူတော်ကောင်း ဆို သောတရားစကားကို နား လွယ် ခြင်း သည် "သုဘာသိတ မင်္ဂလာ" မည်၏။

၁၁။ ထိုနေ့၌ အမိအဖတို့အား အရိုအသေပြု၍ လုပ်ကျွေး ခြင်းသည် "ဥပဋ္ဌာန မင်္ဂလာ" မည်၏။

၁၂။ သားမယားတို့အား တရားနှင့် ပဲ့ပြင်ခြင်း၊ သူတော် ကောင်းတရားကို လေ့ကျက်စေခြင်းသည် "ပုတ္တဒါရသင်္ဂဟ မင်္ဂလာ" မည်၏။

၁၃။ ထိုဥပုသ်စောင့်သောနေ့၌ အကုသိုလ်နှင့်စပ်သောအမှုကို မပြု၊ ကုသိုလ်နှင့် စပ်ခြင်းကိုသာ ပြုခြင်းသည် "အနကုလ မင်္ဂလာ" မည်၏။

၁၄။ အလှူပေးခြင်းသည် "ဒါနမင်္ဂလာ" မည်၏။

၁၅။ တရားစောင့်ခြင်းသည် "ဓမ္မစရိယမင်္ဂလာ" မည်၏။

၁၆။ ဆွေမျိုးဉာတကာတို့အား တရားနှင့်အညီ ပြောဟော သင်ကြားခြင်းသည် "ဉာတကာနံ့စ သင်္ဂဟမင်္ဂလာ" မည်၏။

၁၇။ အသက်မွေးမှုကိုထောက်၍ မုသာဝါဒအစရှိသော အပြစ်တို့နှင့် မရောစေမူ၍ တရားနှင့်အညီရောင်းဝယ်ခြင်း အစရှိသော အမှုသည်"အနဝဇ္ဇ ကမ္မ မင်္ဂလာ" မည်၏။

၁၈။ ပဥ္စသီ ကျိုးလွန်အပ်သော ဝတ္ထုရောက်မှ ကြဉ်ခြင်းသည် "အာရတိမင်္ဂလာ" မည်၏။

၁၉။ ဝတ္ထုမရောက်မီ စိတ္တဒန်စောင့်ရှောက်ခြင်းသည် "ဝိရတိ မင်္ဂလာ" မည်၏။

၂၀။ သုရာမေရယ စသော ယစ်မျိုးကို ရှောင်ကြဉ်ခြင်းသည် "သံယမောစ မင်္ဂလာ" မည်၏။

၂၁။ ကုသိုလ်ကမ္မပထ၌ မမေ့လျော့ခြင်းသည် "အပ္ပမာဒေါစ မင်္ဂလာ မည်၏။

၂၂။ ရတနာသုံးပါး စသော ကြီးသူတို့အား ရိုသေခြင်းသည် "ဂါရဝေါစ မင်္ဂလာ" မည်၏။

၂၃။ ထိုရတနာသုံးပါးစသော သူကြီးမိဘတို့၌ နေခြင်း၊ သွားခြင်း၊ ပြောခြင်းတို့ကို နှိမ့်ချခြင်းသည် နိဝါတောစ မင်္ဂလာ" မည်၏။

၂၄။ ထိုဥပုသ်နေ့၌ ဝတ်ခြင်း၊ စားခြင်း၊ ပလွှားခြင်းမရှိ၊ ရောင့်ရဲခြင်းသည် "သန္တုဋ္ဌိမင်္ဂလာ" မည်၏။

၂၅။ ကျေးဇူးရှိပေသော သူတို့၏ ကျေးဇူးဂုဏ်ကို အောက်မေ့ခြင်းသည် "ကတညုတာစ မင်္ဂလာ" မည်၏။

၂၆။ လျော်ကပ်ပတ်သောအခါ၌ တရားနာခြင်းသည် "ဓမ္မသဝန မင်္ဂလာ" မည်၏။

၂၇။ သည်းခံခြင်းသည် "ခန္တီမင်္ဂလာ" မည်၏။

၂၈။ သူတော်ကောင်းတို့ စကားကို နာလွယ် ခြင်းသည် "သောဝစမင်္ဂလာ" မည်၏။

၂၉။ ရဟန်းသံဃာတို့အားဖူးမြင်ခြင်းသည် "ဒဿနဥ္စမင်္ဂလာ" မည်၏။

၃၀။ လျော်ကပ်ပတ်သောအခါ၌ တရားကို ဆွေးနွေးခြင်းသည် "ဓမ္မသာကစ္ဆာ မင်္ဂလာ" မည်၏။

၃၁။ ခြိုးခြံ၍ ဥပုသ်ဆောက်တည်ခြင်းသည်"တပေါစမင်္ဂလာ" မည်၏။

၃၂။ တရားကိုနှလုံးသွင်း၍ မြတ်သောအကျင့်ကို ဆောက်တည်ခြင်းသည် "ဗြဟ္မစရိယ မင်္ဂလာ" မည်၏။

၃၃။ သစ္စာလေးပါးကိုနှလုံးသွင်း၍ဆင်ခြင်ခြင်းသည် "အရိယသစ္စာန ဒဿန မင်္ဂလာ" မည်၏။

၃၄။ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ' သစ္စိကရိယ မင်္ဂလာ" မည်၏။

၃၅။ လောဘ၊ ဒေါသ၊ မောဟ အာရုံတို့၌ တပ်မက်ခြင်းမရှိ၊ မတုန်လှုပ်ခြင်းသည် "နကမ္ပတိ မင်္ဂလာ" မည်၏။

၃၆။ စည်းစိမ်ဥစ္စာ သားမယားတို့၌ စိုးရိမ်ခြင်း မရှိခြင်းသည် "အသောက မင်္ဂလာ" မည်၏။

၃၇။ ကာမရာဂ အစရှိသည်တို့၌ တပ်စွန်းမှုကင်းခြင်းသည် "ဝိရဇံ မင်္ဂလာ" မည်၏။

၃၈။ ထိုဥပုသ်နေ့၌ ကိလေသာတည်းဟူသောဘေးမှ ကင်းခြင်းသည် "ခေမမင်္ဂလာ" မည်၏။

ဤ (၃၈) ပါးသော မင်္ဂလာတရားကို သတိနှင့်တကွ ဥပုသ်ဆောက်တည်သည့်နေ့၌ ပြည့်စုံရာသတည်း၊ ဥပုသ်ဆောက်တည်ခြင်းတရားကို ခွဲခြား၍ မသိသောသူတို့တပါးစီသာ အကျိုးရသည် ထင်မှတ်ကုန်၏။ သူတော်ကောင်းတရားနေရာ၌ ဆိတ်ငြိမ်သော သူတို့သာလျှင် ယနေ့ ဤမျှလောက်သောပါရမီကို ဖြည့်ရ၍၊ ဤမျှလောက်သော မင်္ဂလာတရားကိုပြုဘိ၏ သိလေကုန်သတည်း။ ဤသည်ကို ထောက်၍သူတော်ကောင်းတရား၌ အဖန်တလဲလဲ ခွဲစိတ်ခြင်းကို မှတ်ရာသတည်း။

သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့တွင် အရိယသစ္စမင်္ဂလာ၊ နိဗ္ဗာနသစ္ဆိကရိယ မင်္ဂလာ၊ နကမ္ပတိ မင်္ဂလာ၊ အသောက မင်္ဂလာ၊ ဝိရဇံမင်္ဂလာ၊ ခေမမင်္ဂလာတို့ကို အခါမပြတ် အရဟတ္တမဂ်ရပြီးသော ရဟန္တာပုဂ္ဂိုလ်ဘို့၌သာ အမြဲမုချ ဖြစ်၏ဟု မှတ်ရာသတည်း။

(၃၁) ဘာဝနာကမ္မဋ္ဌာန်း (၄၀)

ယောဂီပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရမည့်

လုပ်ငန်းဌာန် (၄၀)

ဘာဝနာဟူသည်၊ ကုသိုလ်တရားတို့အား မှီဝဲဆည်းကပ် ပွားများခြင်းကို ခေါ်သည်။ ဘာဝနာကမ္မဋ္ဌာန်းစီး ဖြန်းပွားခြင်းသည်၊ဒါနသီလတို့မှ ရရှိအပ်သော အကျိုးတရားများထက် သာလွန်ပေသည်။ ဘာဝနာတွင် ၂ မျိုးရှိသည်။ ၎င်းတို့မှာ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့ဖြစ်သည်။ဝိပဿနာဘာဝနာသည် လက္ခဏာရေး သုံးပါးကိုရှု၍၊ မဂ်ဖိုလ် ရနိုင်သော်လည်း၊ သမထဘာဝနာသည်၊ နိဗ္ဗာန်သို့ ရှေးရှုမှုမပြု၊ ဈာန်သမာပတ်ကို သာ ရကြောင်း ဖြစ်စေသည်။ သမထဘာဝနာတွင်-

၁။ ကသိုဏ်း	=	၁၀ ပါး
၂။ အသုဘ	=	၁၀ ပါး
၃။ အနုဿတိ	=	၁၀ ပါး
၄။ ဗြဟ္မာ့ဝိဟာရတရား	=	၄ ပါး

၅။ အာဟာရေ ပဋိကူလသညာ = ၁ ပါး
၆။ စတုဓာတုဝဝတ္ထာန် = ၁ ပါး
၇။ အာရုပ္ပ = ၄ ပါး

စုစုပေါင်း — ၄၀ ပါး

(၁) ကသိုဏ်း (၁၀) ပါး = ကသိဏ — အဝန်းအဝိုင်းအာရုံ

၁။ ပထဝီကသိုဏ်း = မြေကြီး၏ အဝန်း အဝိုင်း အာရုံ။
၂။ တေဇောကသိုဏ်း = မီး၏ အဝန်းအဝိုင်း အာရုံ။
၃။ အာပေါကသိုဏ်း = ရေ၏ အဝန်းအဝိုင်း အာရုံ။
၄။ ဝါယောကသိုဏ်း = ရေ၏အဝန်းအဝိုင်း အာရုံ။
၅။ နီလ ကသိုဏ်း = ညိုသော အဆင်း၏ အဝန်း အဝိုင်း အာရုံ။
၆။ ပီတကသိုဏ်း = ရွှေရောင်အဆင်း၏ အဝန်း အဝိုင်း အာရုံ။
၇။ လောဟိတ ကသိုဏ်း = နီသော အဆင်း၏ အဝန်း အဝိုင်း အာရုံ။
၈။ ဩဒါတကသိုဏ်း = ဖြူသော အဆင်း၏ အဝန်း အဝိုင်း အာရုံ။

၉။ အာကာသ ကသိုဏ်း = ကောင်းကင်၏အဝန်းအဝိုင်း အာရုံ။

၁၀။ အာလောက ကသိုဏ်း = အလင်း ရောင်၏ အဝန်း အဝိုင်း အာရုံ။

(၂) အသုဘ (၁၀) ပါး

[မတင့်မတယ် ရွံရှာဖွယ်လိလိ ဖြစ်သော နိမိတ်အာရုံ ကမ္မဋ္ဌာန်း(၁၀)ပါး]

၁။ ဥဒ္ဓုမာတက = ဖူးဖူးရောင်ထ မလှရုပ်သွင် အမြင်ဆိုးဝါးသော သူသေ ကောင်ပုပ်ကို ပွားများ ဆင်ခြင်ခြင်း။

၂။ ဝိနီလက = ဖောက်ပြန်ညိုပုပ်၊ စက်ဆုပ် ရွံရှာဖွယ် သူသေကောင်ပုပ် ကို ပွားများ ဆင်ခြင်ခြင်း။

၃။ ဝိပုဗ္ဗက = ယိုစီးလိမ်းကျံသောပြည်ပုပ် တို့ဖြင့် စက်ဆုပ်ဖွယ် သူသေ ကောင် ပုပ်ကို ပွားများဆင် ခြင်ခြင်း။

၄။ ဝိစ္ဆိဒ္ဒက = နှစ်ပိုင်း ပြတ်နေသော စက် ဆုတ်ဖွယ် သူသေကောင်ပုပ် ကို ပွားများ ဆင်ခြင်ခြင်း။

၅။ ဝိက္ခာယိတက	=	ခွေး၊ ကျီး၊ လင်းတဘို့စား၍ စက်ဆုတ်ဖွယ် ဖြစ်နေသော သူသေကောင်ပုပ်ကို ပွားများ ဆင်ခြင်ခြင်း။
၆။ ဝိက္ခိတ္တက	=	ဖယိုဖရဲ ကွဲပြား ပိုင်းပြတ်နေသော စက်ဆုတ်ဖွယ် သူသေကောင်ပုပ်ကို ပွားများ ဆင်ခြင်ခြင်း။
၇။ ဟတဝိက္ခိတ္တက	=	လက်နက်ဖြင့် ပိုင်းဖြတ် လွှင့်ပစ်အပ်သော စက်ဆုတ်ဖွယ် သူသေကောင် ပုပ်ကိုဆင်ခြင်ခြင်း။
၈ လောဟိတက	=	သွေး အလိမ်းလိမ်း ပေကျံနေသော စက် ဆုတ် ဖွယ် သူသေကောင် ပုပ်ကို ပွားများ ဆင်ခြင်ခြင်း။
၉ ပုဠုဝက	=	ပိုးလောက်ပြည့်လျှံ အော့အန်ဖွယ် သူသေကောင်ပုပ်ကို ပွားများ ဆင်ခြင်ခြင်း။
၁၀။ အဋ္ဌိက	-	စက်ဆုတ်ဖွယ်ရာ သူသေကောင် အရိုးစု ကိုသာ ပွားများ ဆင်ခြင်ခြင်း။

(၃) အနုဿတိ (၁၀) ပါး

[အဖန်တလဲလဲ အောက်မေ့အပ်သော ကမ္မဋ္ဌာန်း တရား (၁၀)ပါး ဖြစ်၏]

၁။ ဗုဒ္ဓါနုဿတိ = ဘုရား၏ဂုဏ်တော် (၉)ပါး နှင့် ကျေးဇူးတော်ကိုရင်း။

၂။ ဓမ္မာနုဿတိ = တရားတော်၏ ဂုဏ်တော် (၆) ပါးကို ရင်း။

၃။ သံဃာနုဿတိ = သံဃာတော်၏ ဂုဏ်တော် (၉) ပါးကို ရင်း။

၄။ သီလာနုဿတိ = မိမိ စောင့်ထိန်းသော သီလ ဂုဏ်ကိုရင်း။

၅။ စာဂါနုဿတိ = မိမိ၏ လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း ဂုဏ်ကိုရင်း။

၆။ ဒေဝတာ နုဿတိ = နတ်တို့၏သဒ္ဓါတရား အစရှိသည့် ဂုဏ်တို့ကို စံပြု၍ မိမိ၏ ကောင်းမှုကုသိုလ် သဒ္ဓါတရားကိုရင်း။

၇။ ဥပသမာ နုဿတိ = နိဗ္ဗာန်၏ အေးငြိမ်းမှုကိုရင်း။

၈။ မရဏာ နုဿတိ = သေခြင်းတရားကိုရင်း။

၉။	ကာယဂတာ သတိ	=	ဆံပင် အစရှိသော၊ ကိုယ်ကာယ အစု၌ သတိဖြင့်ရှုင်း။
၁၀။	အာဏာပါနဿတိ	=	ထွက်သက်-ဝင်သက်ကိုရှုင်း။ အဖန်တလဲလဲ-ပွားများ ဆင်အောက်မေ့အပ်၏။

(၄) ဗြဟ္မဝိဟာရတရား (၄) ပါး

မြတ်သောအကျင့်(၄)ပါး ဖြစ်သည်။ သောကကင်းဝေး နေနိုင်ရေး တရားလည်း ဖြစ်၏။

၁။	မေတ္တာ	=	သတ္တဝါ အားလုံးအား မိမိကိုယ် နှင့် အမျှ ချစ်ခင်ခြင်း။
၂။	ကရုဏာ	=	ဆင်းရဲသော သတ္တဝါအားလုံးအား သနားခြင်း။
၃။	မုဒိတာ	=	ချမ်းသာသော သတ္တဝါအားလုံးအတွက် ဝမ်းမြောက်ခြင်း။
၄။	ဥပေက္ခာ	=	ဆင်းရဲ ချမ်းသာ ထိုနှစ်ဖြာကို၊ မုန်းချစ် မပြု လျစ်လျူရှုခြင်း။

(၅) အာဟာရေပဋိကူလသညာ (၁)ပါး

စားမျိုသော အစာ အာဟာရ၌ စက် ဆုတ် ရွံရှာ ဖွယ် အမှတ်သညာထား၍ ဆင်ခြင်အောက်မေ့ခြင်း။

(၆) စတုဓာတု ဝဝတ္ထာန် (၁) ပါး

ပထဝီ - တေဇော - အာပေါ - ဝါယော တည်းဟူသော မဟာဘုတ်ကြီးလေးပါးအား ခွဲခြမ်းရှုမြင်ခြင်း။

(၇) အာရုပ္ပ (၄) ပါး

၁။ အာကာသာနဉ္စာယတန ဈာန် = အဆုံးမရှိသော ကော... ကင် ပညတ်ကို အာရုံပြု၍ ရရှိသော ဈာန် (ပထမဈာန်)။

၂။ ဝိညာဏဉ္စာယတန ဈာန် = အဆုံးမရှိသော ဝိညာဉ်ကိုအာရုံ ပြု၍ ရရှိသော ဈာန် (ဒုတိယ ဈာန်)။

၃။ အာကိဉ္စညာယတန ဈာန် = ဝိညာဉ် မရှိသည်ကို အာရုံ ပြု၍ ရရှိသော ဈာန်(တတိယဈာန်)

၄။ နေဝသညာ နာသညာယတနဈာန် = အလွန်သိမ်မွေ့သော သ ညာ သာ တည်ရှိသောဈာန် (စတုတ္ထဈာန်)။

(၃၂) ကမ္မဋ္ဌာန်းတရားအားမထုတ်သင့်သော အချိန် (၅) ပါး

၁။ ဇိဏ္ဏဇရာဘိဘူတ = ဇရာထောင်း၍ အိုမင်း ရွတ်တွ သောအချိန်။

၂။ ဗျာဓိနာဘိဘူတ = မကျန်း မမာ-ဝေဒနာ နှိပ်စက် သော အချိန်။

၃။ ဒုဘက္ခဒုလ္လဘပိဏ္ဍ = ငတ်မွတ်ခေါင်းပါး အစာရေစာ ရှားသော အချိန်။

၄။ ဝိဝါဒဘယပတ္တ = အချင်းချင်း သင်းကွဲ၍၊ သတ်ဖြတ်ညှင်းဆဲ သူပုန် ထနေသော အချိန်။

၅။ သံဃဘိန္န = သံဃာချင်း ဂိုဏ်းဂဏ ကွဲပြား အငြင်းပွားနေသော အချိန်၊

(၃၃) ကလျာဏမိတ္တအင်္ဂါ (၇) ပါး

မိတ်ဆွေမြတ်တို့၏အင်္ဂါ (၇) ပါး

၁။ သီလ = ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း။

၂။ သမာဓိ = ကိုယ် နှုတ် နှလုံး သုံးပါး တည်ငြိမ်ခြင်း။

၃။ ပညာ = လောကီ လောကုတ် နှစ်ဖြာ သော အကျိုးကို သိမြင်ခြင်း။ (သစ္စာလေးပါး မြတ်တရားကို သိမြင်ခြင်း)

၄။ ဓမ္မဒါန = သစ္စာ (၄) ပါးနှင့် ဘာဝနာ တရားများ ကို ဟောကြား နိုင်ခြင်း။

၅။ ပေယျဝါစာ = လိုက်နာဘွယ် စကားတို့ ကို ဆိုတတ်ခြင်း။

၆။ အတ္ထစရိယာ = သူ့ကောင်းကျိုးကို ကျင့်သုံး နိုင်ခြင်း။

၇။ သမာနတ္တတာ = မိမိနှင့်တူမျှသော အ ကျိုး ကို ဖြစ်စေနိုင်ခြင်း။

(၃၄) ကာမဂုဏ် (၅)ပါး

၁။ ရူပါရုံ = အဆင်းအာရုံ
မျက်စိဖြင့် ရှုမြင်ခံစားနိုင်သည်။

၂။ သဒ္ဒါရုံ = အသံအာရုံ
နားဖြင့် ခံစားနိုင်သည်။

၃။ ဂန္ဓာရုံ = အနံ့အာရုံ
နှာခေါင်းဖြင့်ရှူရှိုက်ခံစား
နိုင်သည်။

၄။ ရသာရုံ = အရသာအာရုံ
လျှာဖြင့် မြိန်းစမ်းခံစားနိုင်သည်။

၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအာရုံ
ကိုယ်ဖြင့် တွေ့ထိခံစားနိုင်သည်။

မှတ်ချက်—အာရုံငါးပါး ဟူ၍လည်းခေါ်သည်။

(၃၅) ကိလေသာ (၁၀) ပါး

[ပူပန်ဆင်းရဲစေတတ်သော တရား ၁၀ ပါး]

၁။ လောဘ	=	လိုချင်တပ်မက်ခြင်း။
၂။ ဒေါသ	—	ကြမ်းတမ်းဖျက်ဆီး ပြစ်မှားခြင်း။
၃။ မာန	—	စိတ်ထောင်လွှားခြင်း။
၄။ မောဟ	—	တွေဝေငေးမောခြင်း။
၅။ ဒိဋ္ဌိ	—	အယူမှားခြင်း။
၆။ ဝိဆိကိစ္ဆာ	—	တွေးတောယုံမှားခြင်း။
၇။ ထိန	—	ကုသိုလ်တရား၌ စိတ်မခိုင်ခံ့ ခြင်း၊ လျော့ပါးဆုတ်နစ်ခြင်း။
၈။ ဥဒ္ဓစ္စ	—	စိတ်ပျံ့လွင့်တုန်လှုပ်ခြင်း၊
၉။ အဟိရိက	—	မကောင်းမှုမှ မရှက်ခြင်း။
၁၀။ အနောတ္တပ္ပ	—	မကောင်းမှုမှ မလန့်ခြင်း။

(၃၆) ကုသိုလ် (၁၀) ပါး

လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးတရားများကို ပေးစေတတ်သော တရားဆယ်ပါး ဖြစ်၏။ ၎င်းကို "သုစရိုက်ဆယ်ပါး" ဟူ၍၎င်း၊ "ကုသလကမ္မပထတရားဆယ်ပါး" ဟူ၍၎င်း၊ ပုညကြိယာတရားဆယ်ပါးဟူ၍၎င်း ခေါ်ကြ၏။

၁။ ဒါန = ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း။

၂။ သီလ — သီလဆောက်တည်ခြင်း။

၃။ ဘာဝနာ — သမထဝိပဿနာပွားများခြင်း။

၄။ အပစာယန — အနန္တငါးပါး ဖြစ်သော အား ရိုသေခြင်း၊

၅။ ဝေယျာဝစ္စ = အနန္တငါးပါး ၏ အမှုကိစ္စကြီးငယ် တို့ကို ဆောင်ရွက်ခြင်း၊

၆။ ပတ္တိဒါန = မိမိ ပြုသော ကုသိုလ် ကောင်းမှုကို တပါးသူအား အမျှဝေခြင်း၊

၇။ ပတ္တာနုမောဒနာ = သူတပါးပြုသော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်စွာ သာဓု ခေါ်ခြင်း၊

၈။ ဓမ္မသဝနာ = တရားတော်ကို နာကြားခြင်း၊

၉။ ဓမ္မဒေသနာ = တရားတော်ကို ဟောကြားခြင်း၊

၁၀။ ဒိဋ္ဌိဇုကမ္မ = နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြောင့်မှန်သော အယူကို ယူခြင်း၊

(၃၇) ကုသလ ကမ္မပထတရား (၁၀) ပါး

(ကုသလ- ကုသိုလ်၊ ကမ္မ- ကိုယ်နှုတ်စိတ်တို့
ဖြင့် ပြုလုပ်သောကံ၊ ပထ- အကျိုးပေးကြောင်း)

(က) ကာယကံ (၃) ပါး

၁။ ပါဏာတိပါတာ ဝေရမဏီ = သူတပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရာမဏီ — သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ = သူတပါး၏သားမယားအား ကျူးလွန်ဖြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း။

(ခ) ဝစီကံ (၄) ပါး

၁။ မုသာဝါဒါ ဝေရာမဏီ = လိမ်လည် ပြောဆို ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိသုဏာဝါစာဝေရမဏီ = ချစ်ခင်သူနှစ်ဦး ကွဲပြားအောင် ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာဝေရမဏီ = ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ = သိမ်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(ဂ) မနောကံ (၃) ပါး

၁။ အနဘိဇ္ဈာ = သူတပါးစည်းစိမ်ဥစ္စာကို မိမိစည်းစိမ်ဥစ္စာဖြစ်အောင်မကြံစည်ခြင်း၊ စိတ်မကူးခြင်း။

၂။ အဗျာပါဒ = သူတပါး ပျက်စီးလျှင်ကောင်းလေစွဟု မကြံစည် မတွေးတောခြင်း။

၃။ သမ္မာဒိဋ္ဌိ = ဖြောင့်မှန်သော အယူကို ယူခြင်း။

မှတ်ချက်။ ၎င်းတရား (၁၀) ပါး၏ ဆန့်ကျင်ဘက်တို့ကို ဒုစရိုက် (၁၀) ပါးဟု မှတ်ပါလေ။

(၃၈) ခင်ပွန်းကောင်း အင်္ဂါ

ကျင့်ဆောင်ရာ (၇)ဖြာ

၁။ ဒုဒ္ဒသံ ဒဒါတိ - ပေးနိုင်ခက်သော ဝတ္ထုပစ္စည်းတို့ကို ပေးရာ၏။

၂။ ဒုက္ကရံ့ကရောတိ = ပြုနိုင်ခက်သော ဝတ္ထုတရားကို ပြုရာ၏။

၃။ ဒုက္ခမံ ခမတိ = အလွန် အမင်း ဒုက္ခ ခံ ရာ၏။ သည်းခံရာ၏။

၄။ ဂုယှမဿပရိဂုယှတိ = လျှို့ဝှက် အပ်သော အမှုကို မပေါ်အောင် လျှို့ဝှက်ရာ၏။

၅။ ဂုယှမဿ အာဝိကရောတိ = လျှို့ဝှက် အပ်သော အမှုကို သူ့အား လျှို့ဝှက်ရန် ပြောကြားပေးရာ၏။

၆။ အာပဒါသု-နဝိဇဟတိ = ဘေးရန်ကြုံသောအခါ၊ မစွန့်မပစ်ခဲ့ခြင်း။

၇။ နေခိဏေန-နာတိမညတိ = ဆင်းရဲ မွဲ တေ သော် လည်း၊ မထေမဲ့မြင် မပြုအပ်ရာ၏။

(၃၉) ခင်ပွန်းကြီး (၁၀) ပါး

[ကျေးဇူးမမေ့အပ်၊ မပြစ်မှားအပ်သော မိတ်ဆွေကောင်း (၁၀)ဦး]

၁။	ဗုဒ္ဓသဗ္ဗညု	=	မြတ်စွာဘုရား
၂။	ပစ္စေကဗုဒ္ဓ	=	ဘုရားငယ်(ခေါ်) ပစ္စေကဗုဒ္ဓ
၃။	အရိယာသာဝက	=	အာသဝေါ ကုန်ခမ်းပြီးသော ရဟန္တာ
၄။	အဂ္ဂသာဝက	=	မြတ်စွာဘုရား၏ လက်ဝဲရံ၊ လက်ျာရံ၊ သာဝကများ
၅။	မာတာ	=	မွေးမိခင်
၆။	ပိတာ	=	မွေးဘခင်
၇။	ဝုဒ္ဓါပစာယန	=	အသက်၊ သိက္ခာ၊ သီလ၊ အာစာရ၊ အမျိုးဇာတ် စသည်တို့၌ မိမိထက်ကြီးမြင့်၍ ရှိသေအပ်သူများ
၈။	အာစရိယ	=	ဆုံးမသွန်သင် ပညာသင်ပေးသော မြတ်ဆရာ
၉။	ဟိတ-ကရ	=	ယမင်း၊ အဖျော်၊အိပ်ရာ၊နေရာ၊ အဝတ်ပုဆိုးနှင့် တစုံတခု၊

	တစုံတရာသော ကျေးဇူးရှိဘူးသူ့ များ
၁၀။ စင္ဂေထိက	ကောင်းကျိုးအတွက်၊ တရားမမှ ဟောကြား သွန် သင်သော တရားဟောဆရာ

(၄၀) ခင်ပွန်းကြီး (၁၀) ပါးအား ပူဇော်သူတို့ ရရှိနိုင်သောအကျိုးတရား (၁၀) ပါး။

၁။ အရပ်တပါးသို့သွားလျှင်၊ အစာရေစာမရှားပါးခြင်း။
၂။ ရောက်ရာအရပ်တွင်၊ အလေး အစား အပူ အဇော် ခံရခြင်း။
၃။ ရန်သူမျိုး ငါးပါး အနှိပ်အစက် မခံရခြင်း။
၄။ မျက်နှာမြင်က၊ ချစ်ခင်သူပေါများခြင်း။
၅။ ပွဲအလယ်တွင် ရဲရင့်တင့်တယ်ခြင်း။
၆။ မိမိဂုဏ်ကျေးဇူးသတင်း ပျံ့နှံ့ခြင်း။
၇။ အခြံအရံ မပြတ် ရှိခြင်း။
၈။ ဆင်မြင်း ကျွဲ နွား ဥစ္စာ ရတနာဆန်ရေ စပါးများ ပေါများလျက် မပျက်စီးခြင်း။
၉။ တောင်စောက် ချောက်ကမ္ဘားသို့ ကျသော်လည်း မပျက်မစီး တည်ရာ ရနိုင်ခြင်း။
၁၀။ သားသမီးများနှင့်တကွ အခြေအမြစ်ကြီးကျယ် တိုးတက်ခြင်း။

(၄၁) ခင်ပွန်း (၁၀) ပါးအား ပြစ်မှားသူတို့ ရရှိနိုင်သော အပြစ် (၁၀) ပါး

၁။ စည်းစိမ် ဥစ္စာ ဆုတ်ယုတ်ခြင်း။
၂။ နေအိမ် မီးလောင်တတ်ခြင်း။
၃။ ကြီးမားသော ဝေဒနာကို ခံစားရတတ်ခြင်း။
၄။ ကျိုးပျက်သော အင်္ဂါနှင့် သက်တမ်း ကုန်တတ်ခြင်း။
၅။ နူနာ ရောဂါ စွဲကပ်တတ်ခြင်း။
၆။ စိတ်ဖောက်ပြန်၍ ရူးသွပ်တတ်ခြင်း။
၇။ မင်းဘေး မင်းဒဏ် ကျရောက်တတ်ခြင်း။
၈။ သူတပါး၏ အစွပ်စွဲ ခံရတတ်ခြင်း။
၉။ အဆွေအမျိုးတို့နှင့် ကွဲကွာတတ်ရခြင်း။
၁၀။ ရွှေ ငွေ ဥစ္စာ ရတနာတို့ ပျက်ပြား စေတတ်ခြင်း။

(၄၂) ခင်ပွန်းမြတ်လက္ခဏာ (၇) ပါး

၁။ ပျင်းရိခြင်းလည်း မရှိ။
၂။ ရက်စက် ကြမ်းကြုတ်မှုလည်း မရှိ။
၃။ စဉ်းလဲ ကောက်ကျစ်မှုလည်း မရှိ။
၄။ စင်ကြယ်နူးညံ့သော ကိုယ် နှုတ် နှလုံး သုံးပါးရှိ၏။
၅။ မှန်ကန် ဖြောင့်မတ်သော စကားကိုလည်း ဆိုတတ်၏။
၆။ လောဘရမက်လည်း နည်းတတ်၏။
၇။ အကျိုး စီးပွားလည်း အလိုရှိ၏။

(၄၃) ခန္ဓာ (၃) ပါး မြွတ်တရား

၁။ သီလက္ခန္ဓာ = အကျင့် သီလ စောင့်စည်းမှု တရားစု။

၂။ သမာဓိခန္ဓာ။ = တည်ကြည်မှု စျာန် သမာဓိ တရားစု။

၃။ ပညာက္ခန္ဓာ = ဝိပဿနာ ဉာဏ်ပညာ တရားစု။

(၄၄) ခန္ဓာ (၅) ပါး ယုတ်တရား

၁။ ရူပက္ခန္ဓာ = ရုပ်တရားစု ရုပ် ၂၈ ပါးကို ခေါ်သည်။ (ရုပ်ခန္ဓာ)

၂။ ဝေဒနက္ခန္ဓာ = ဝေဒနာခံစားမှုတရားစု၊ ဝေဒနာ စေတသိက်ကို ခေါ်သည်။ (နာမ်ခန္ဓာ)

၃။ သညက္ခန္ဓာ = အမှတ်ပြုသောတရားစု၊ သညာ စေတသိက်ကို ခေါ်သည်။ (နာမ်ခန္ဓာ)

၄။ သင်္ခါရက္ခန္ဓာ = ပြုပြင်စေ့ဆော်မှု တရားစု၊ ဝေဒနာ သညာမှ တပါးသော စေတသိက် (၅၀) ကို ခေါ်သည်။ (နာမ်ခန္ဓာ)

၅။ ဝိညာဏက္ခန္ဓာ = အာရုံသိမှု တရားစု၊ စိတ်တရားစု ဟူသမျှကို ပေါ်သည်။ (နာမ်ခန္ဓာ)

(၄၅) ဂတိ (၅) ဖြာ

[ပုထုဇဉ်လူသားတို့လားရာ ကျင်လည်ရာဘုံဌာန (၅) ခု]

၁။ ဒေဝဂတိ = နတ်ပြည်၊ ဗြဟ္မာ့ပြည်။
၂။ မနုဿဂတိ = လူ့ပြည်။
၃။ ပေတဂတိ = ပြိတ္တာပြည်၊ အသုရကာယ်ပြည်။
၄။ တိရစ္ဆာနဂတိ = တိရစ္ဆာန်လောက။
၅။ နိရယဂတိ = ငရဲပြည်။

(၄၆) ဂတိ (၄) ပါး မြဲမှတ်သား

(အပါယ်လေးဘုံသို့ ကျရောက်နိုင်သောတရားများ ဖြစ်သည်)

"ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ" ခမ္မလေးမည်၊ ကတိတည်က၊ လူပြည်နတ်ရွာ၊ ရောက်လေရာ၏။ သို့မဟုတ်မူ–

၁။ ဆန္ဒ = အလိုဆန္ဒသို့ ဘက်လိုက်ခြင်း။
၂။ ဒေါသ = အမျက်ဒေါသကြောင့် ဘက်လိုက်ခြင်း။

၃။ ဘယာ = ဘေးရန် ကြောက်၍ ဘက်လိုက်ခြင်း။

၄။ မောဟ = မိုက်မဲတွေဝေ အမှန်မသိ၍ ဘက်လိုက်ခြင်းသည်၊ အပါယ်လေးဘုံသို့ ကျရောက်နိုင်သည်။

(၄၇) ဂတိမြဲရန် ဂုဏ် (၆) တန်

အောက်ဖော်ပြပါ အင်္ဂါ (၆) ပါးနှင့် ပြည့်စုံသူသည် မြဲသောဂတိရှိ၏။ ပဋ္ဌာန ဆုတောင်းရှိသော်လည်း၊ အောက်ဖော်ပြပါ (၁) မှ (၅) အထိ၊ အင်္ဂါ (၅) ပါး မပြည့်စုံက လားရာဂတိ မမြဲပေ။

၁။ သဒ္ဓါ = စိတ်၌ကြည်လင်ခြင်း။

၂။ သီလ = သီလ ဆောက်တည်ခြင်း။

၃။ သုတ = အကြားအမြင် များခြင်း။

၄။ စာဂ = စွန့်ကြဲ၊ ပေးကမ်း၊ လှူဒါန်းခြင်း။

၅။ ပညာ = အဆင် အခြင် ပညာနှင့် ပြည့်စုံခြင်း။

၆။ ပတ္ထနာ = ဆုတောင်းခြင်း။

(၄၈) ဂါရဝတရား (၁၀) ပါး

၁။ ဗုဒ္ဓဂါရဝ = ဘုရားရှင်အား ရိုသေလေးစားခြင်း။

၂။ ဓမ္မဂါရဝ = တရားတော်အား ရိုသေလေးစားခြင်း။

၃။ သံဃဂါရဝ = သံဃာတော်အား ရိုသေလေးစားခြင်း။

၄။ သိက္ခာဂါရဝ = ကိုယ်ကျင့်တရား ကောင်းမွန်မှုကို ရိုသေလေးစားခြင်း။

၅။ သမာဓိဂါရဝ = ဖြောင့်မတ်တည်ကြည်မှုကို ရိုသေလေးစားခြင်း။

၆။ အပ္ပမာဒဂါရဝ = ကောင်းမှုကုသိုလ်၌မမေ့မလျော့ ရိုသေ လေးစားခြင်း။

၇။ ပဋိသန္ထာရဂါရဝ = ပေါင်းသင်းဆက်ဆံမှု၌ ချောင်ပြေပြစ်စွာ ပြောဆိုတတ်ခြင်း၌ ရိုသေလေးစားခြင်း။

၈။ ဟိရိဂါရဝ = မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၌ ရိုသေလေးစားခြင်း။

၉။ ဩတ္တပ္ပဂါရဝ = မကောင်းမှု လုပ်ရမှည်ကို ကြောက်ရွံထိတ်လန့်ခြင်း၌ ရိုသေလေးစားခြင်း။

၁၀။ အညမညဂါရဝ = အတူတကွ နေထိုင်သူ တို့အား အပြန်အလှန်လေးစားခြင်း။

(၄၉) ငါးရာ့နှစ်ဆယ့် ရှစ်သွယ်မေတ္တာဆင့်ပွားပုံ

၁။	အနောဓိသမေတ္တာ	၅ ပါး	ကို
၂။	ဩဓိသမေတ္တာ	၇ ပါး	နှင့် ပေါင်းသော်
	မေတ္တာ	၁၂ ပါး	ရ၏။
၃။	ဗြဟ္မစိုရ်တရား	၄ ပါး	နှင့်မြှောက်သော်
	မေတ္တာ	၄၈ ပါး	ရ၏။
၄။	အရပ်	၁၀	မျက်နှာနှင့် မြှောက်သော်
	မေတ္တာ	၄၈၀	ရ၏။
*	အရပ်မရည်ညွှန်း သော မေတ္တာ	၄၈	နှင့် ထပ်ပေါင်း သော်
		၅၂၈	မေတ္တာရ၏။

(၁) အနောဓိသမေတ္တာ (၅) ပါး

သဗ္ဗေ-သတ္တာ၊ သဗ္ဗေ-ပါဏာ၊ သဗ္ဗေ-ဘူတာ၊ သဗ္ဗေ-ပုဂ္ဂလာ၊ သဗ္ဗေ-အတ္တဘာဝ ပရိယာပန္နာ။

၁။ သဗ္ဗေ = ခပ်သိမ်းကုန်သော
သတ္တာ = အာရုံ၌ ငြိခြင်း လက္ခဏာ ရှိသော သတ္တဝါတို့သည်ရင်း၊

၂။ သဗ္ဗေ = ခပ်သိမ်းကုန်သော
ပါဏာ = ထွက်သက်-ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်ရင်း၊

၃။ သဗ္ဗေ = ခပ်သိမ်းကုန်သော
ဘူတာ = ပဋိသန္ဓေ နေကုန်သော သတ္တဝါတို့သည်ရင်း၊

၄။ သဗ္ဗေ = ခပ်သိမ်းကုန်သော
ပုဂ္ဂလာ = ငရဲသို့လားကုန်သော သတ္တဝါတို့သည်ရင်း၊

၅။ သဗ္ဗေ = ခပ်သိမ်းကုန်သော
အတ္တဘာဝ = ခန္ဓာ ဟူသော အတ္တဘော၌ အကျုံးဝင်သော
ပရိယာပန္နာ သတ္တဝါအပေါင်းတို့သည်ရင်း။

(၂) ဩဝိသမေတ္တာ (၇) ပါး

သဗ္ဗာ ဒိတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ။

၁။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	ဣတ္ထိယော	=	မိန်းမတို့သည်ရင်း၊
၂။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	ပုရိသာ	=	ယောကျ်ားတို့သည်ရင်း၊
၃။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	အရိယာ	=	အရိယာ သူတော်စင် တို့သည် ရင်း၊
၄။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	အနရိယာ	=	အရိယာ မဟုတ်သော ပုထုဇဉ် တို့သည်ရင်း၊
၅။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	ဒေဝါ	=	နတ်အပေါင်းတို့သည်ရင်း၊
၆။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	မနုဿာ	=	လူတို့သည်ရင်း၊
၇။	သဗ္ဗေ	=	ခပ်သိမ်းကုန်သော
	ဝိနိပါတိကာ	=	အသူရာနတ်တို့သည်ရင်း၊

(၃) ဗြဟ္မဝိဟာရတရား (၄) ပါး

(ဗြဟ္မာ့စိုရ်တရား လေးပါး)

အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၁။	အဝေရာ	=	ရန်မရှိကုန်သည်
	ဟောန္တု	=	ဖြစ်စေကုန်သတည်း။
	အဗျာပဇ္ဇာ	=	ကြောင့်ကြခြင်းမရှိကုန်သည်။
	ဟောန္တု	=	ဖြစ်စေကုန်သတည်း။
	အနီဃာ	=	ပူပန်ဆင်းရဲခြင်း မရှိကုန်သည်
	ဟောန္တု	=	ဖြစ်စေကုန်သတည်း၊
	သုခီ	=	ချမ်းသာခြင်းသည်ဖြစ်၍
	အတ္တာနံ	=	မိမိကိုယ်ကို
	ပရိဟရန္တု	=	ဆောင်နိုင်စေကုန်သတည်း။ (မေတ္တာတရား)
၂။	ဒုက္ခာ	=	ဆင်းရဲခြင်းမှ
	မုစ္စန္တု	=	ကင်း လွတ် ကြ ပါ စေ ကုန် သတည်း။ (ကရုဏာတရား)
၃။	ယထာလဒ္ဓ သမ္ပတ္တိတော	=	အကြင်တို့ ရအပ်ပြီးသော စည်းစိမ်ချမ်းသာတို့ကိုခံစားခြင်းမှ

	မာဝိဂစ္ဆန္တိ	= မပျောက် မပျက် အမြဲတည်ပါကုန်စေသတည်း။ (မုဒိတာတရား)
၄။	ကမ္မဿကာ	= ကံသာလျှင် အကြောင်းရင်းမူလဖြစ်ကုန်သဘည်း။ (ဥပေက္ခာတရား)

(၄) အရပ် (၁၀) မျက်နှာ

၁။ ပုရတ္ထိမာယ-ဒိသာယ = အရှေ့အရပ်မျက်နှာ။
၂။ ပစ္ဆိမာယ-ဒိသာယ = အနောက်အရပ်မျက်နှာ။
၃။ ဥတ္တရာယ-ဒိသာယ = မြောက်အရပ် မျက်နှာ။
၄။ ဒက္ခိဏာယ-ဒိသာယ = တောင်အရပ် မျက်နှာ။
၅။ ပုရတ္ထိမာယ-အနုဒိသာယ = အရှေ့ တောင် ဒေါင့်အရပ်မျက်နှာ။
၆။ ပစ္ဆိမာယ-အနုဒိသာယ = အနောက်မြောက်ဒေါင့်အရပ်မျက်နှာ။
၇။ ဥတ္တရာယ—အနုဒိသာယ = အနောက်မြောက်ဒေါင့်အရပ်မျက်နှာ။
၈။ ဒက္ခိဏာယ-အနုဒိသာယ = အနောက်တောင်ဒေါင့်အရပ်မျက်နှာ။
၉။ ဟေဋ္ဌိမာယ—ဒိသာယ = အောက်အရပ်မျက်နှာ။
၁၀။ ဥပရိမာယ—ဒိသာယ = အထက်အရပ်မျက်နှာ။

(၅၀) ဖြောင့်ကြီး (၅)သွယ် ပယ်စို့ကွယ်

(သတ္တဝါတို့နှလုံးသားတွင် စူးဝင်နေသော ဖြောင့်ငါးစင်း)

၁။ ဒေါသဖြောင့် = ကြမ်းတမ်းပြစ်မှား၊ ဖျက်ဆီးနှိပ်စက်နေသောဖြောင့်။

၂။ မောဟဖြောင့် = မိုက်မဲတွေဝေ ငေးမောတတ်သောဖြောင့်။

၃။ မာနဖြောင့် = ငါနှင့် ငါသာ နိုင်းစရာဟု ထောင်လွှား နေသော ဖြောင့်။

၄။ ရာဂဖြောင့် = အလိုရမ္မက် ကြီး နေ သော ဖြောင့်။

၅။ ဒိဋ္ဌိဖြောင့် = မှားသော အယူအစွဲ ရှိသော ဖြောင့်။

(၅၁) စကားကြီး (၁၀)မျိုး လက်ာ

၁။ ရေကူးညာတင်။
၂။ ကောက်ပင်ရိတ်လှီး။
၃။ ရေစီးဖောင်ဆန်။
၄။ အိုးတန်ဆန်ခတ်။
၅။ ဆီပွတ်ကျည်ပွေ့
၆။ ဆင်ဝှေ့ရန်ရှောင်။
၇။ တောင်သူယာခုတ်။
၈။ ကြက်ဆုတ်ခွပ်ပြစ်။
၉။ ရေစစ်ခရား၊ ရေသွားသောသွင်။
၁၀။ ခက်တင်မောင်းနှင်း။

(၅၂) စကားအရာ အင်္ဂါ(၁၀)ဖြာ

၁။	ကာလဝါဒီ	= ပြောချိန် ပြောခွင့်သင့်မှ ပြောခြင်း။
၂။	ဘူတဝါဒီ	= ဟုတ်မှန်သော စကားကိုသာ ပြောဆိုခြင်း။
၃။	ဓမ္မဝါဒီ	= တရားနှင့် ဆက်စပ်သည်ကိုသာ ပြောဆိုခြင်း။
၄။	အတ္ထဝါဒီ	= အကျိုးစီးပွားနှင့် ဆက်သွယ်သည်ကိုသာ ပြောဆိုခြင်း။
၅။	ပိယဝါဒီ	= ချစ်ဖွယ်သော စကားကိုသာ ပြောဆိုခြင်း။
၆။	မိဟိတ ပုဗ္ဗဘာဏီ	= ပြုံးရွှင်စွာပြောဆိုခြင်း။
၇။	မိတဘာဏီ	= မဘိုမရှည် ချင့်ချိန် ပြောဆိုခြင်း။
၈။	အတုရိတဝါဒီ	= အဆောတလျင် အရင်စလို မပြောဆိုရခြင်း။
၉။	ပေါရီ	= မြို့ကြီးသူ- မြို့ကြီးသားတို့အသုံးအနှုန်း အတိုင်းပြောဆိုခြင်း။
၁၀။	ဝိသဒဝါဒီ	— တိကျ ပြတ်သား သန့်ရှင်းသေချာစွာ ပြောဆိုခြင်း။

(၅၃) စကား (၆) ခွန်း လူန္ဒထွန်း

(၄) ခွန်းကိုပယ် (၂) ခွန်းလွှယ်။

၁။ ဟုတ်မှန်သည် အကျိုးရှိသည် သူများနာလိုသော စကား။
၂။ ဟုတ်မှန်သည် အကျိုးရှိသည် သူများမနာလိုသော စကား။
၃။ ဟုတ်မှန်သည် အကျိုးမရှိ သူများမနာလိုသော ပကား။
၄။ မဟုတ်မမှန် အကျိုးရှိသည် သူများနာလိုသော စကား။
၅။ မဟုတ်မမှန် အကျိုးမရှိ သူများ နာလိုသော စကား။
၆။ မဟုတ်မမှန် အကျိုးမရှိ သူများမနာလိုသောစကား။
(၁) (၂) ကိုဆောင်၊ ကျန်တာကိုရှောင်)

(၅၄) စကားအရေးအင်္ဂါ (၄) တန်

၁။ သုဘာသိတ = ကောင်းစွာ ပြောဆိုခြင်း။
၂။ ပိယဝါစာ = ချစ်နှစ်သက်ဖွယ် စကားကိုသာ ပြောဆိုခြင်း။
၃။ သစ္စာ = မှန်ကန် ဖြောင့်မတ်သော စကားကိုသာ ပြောဆိုခြင်း။
၄။ ဓမ္မ = သဘာဝကျ၍တရားနည်းလမ်း အတိုင်း လိုက်နာဖွယ် ပြောဆိုခြင်း။

(၅၅) စကားတခွန်း၏ အင်္ဂါ (၆) ပါး

၁။ ဟိတ် = အကြောင်းရင်း။
၂။ ဥပမာ = ပုံပမာ နှိုင်းယှဉ်ချက်။
၃။ နိဒါန်း = စကားအချီး။
၄။ နိဂုံး = စကားအချုပ်။
၅။ သက်သေ = ဝတ္ထု သာဓကနှင့် တင်ပြခြင်း။
၆။ ပြယုဂ် = မျက်မြင်ဒိဋ္ဌ ကိုယ်တိုင် ပြုလုပ်ပြခြင်း။

(၅၆) စကားများများပြောခြင်း၏ အပြစ် (၅) ပါး

၁။ စကားများများ ပြောသဖြင့် မမှန်ကန်သော မုသာဝါဒစကား ပြောမိခြင်း၊
၂။ပိသုဏ ဝါစာ- ဂုံးတိုက် ချောပစ်စကား ပြောဆိုမိခြင်း၊
၃။ အကျိုးမဲ့သော သမ္ဖပ္ပလာပ စကားပြောဆိုမိခြင်း၊
၄။ ကြမ်းတမ်းယုတ်မာသော ဖရုသဝါစာ စကားကို ပြောမိခြင်း၊
၅။ သေဆုံးပါက-အပါယ်သို့ လားရခြင်း။

(၅၇) စရဏတရား (၁၅)ပါး

၁။	သီလသံဝရ	=	သီလကိုစောင့်စည်းခြင်း၊
၂။	ဣန္ဒြိယသံဝရ	=	ဣန္ဒြေကို စောင့် စည်းခြင်း၊
၃။	ဘောဇနေ-မတ္တညုတာ	=	အစာအဟာရ၌ ချင့်ချိန်စားသောက်ခြင်း၊
၄။	ဇာဂရိယာ—နုယောဂ	=	နိုးကြားသော လုံ့လဝီရိယ ရှိခြင်း။
၅။	သဒ္ဓါ	=	စိတ်၌ ကြည်လင်ခြင်း၊
၆။	သတိ	=	အာရုံ၌ ခိုင်ခံ့ မြဲမြံခြင်း၊
၇။	ဟိရိ	=	မကောင်းမှုမှ ရှက်ခြင်း၊
၈၊	ဩတ္တပ္ပ	=	မ ကောင်း မှု မှ ကြောက်ခြင်း၊
၉။	ဗဟုသစ္စ	=	အကြားအမြင် များခြင်း၊
၁၀။	ဝီရိယ	=	မပြတ်သောလုံ့လရှိခြင်း၊
၁၁။	ပညာ	=	အဆင်အခြင် ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊
၁၂။	ရူပါဝစရ	=	ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောဈာန်၊

၁၃။ ရူပါဝစရ-ဒုတိယစျာန် = ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်း ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသောစျာန်၊

၁၄။ ရူပါဝစရ-တတိယစျာန် = သုခ၊ ဧကဂ္ဂတာတည်းဟူသော အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသောစျာန်၊

၁၅။ ရူပါစရ-စတုတ္ထစျာန် = ဥပက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသောစျာန်။

(၅၈) စျာန်အင်္ဂါ (၅) ပါး

(၁) ဝိတက် = ကြံစည်ခြင်း၊
(၂) ဝိစာရ = စဥ်းစားခြင်း၊
(၃) ပီတိ = နှစ်ခြိုက်ခြင်း၊
(၄) သုခ = ချမ်းသာခြင်း၊
(၅) ဧကဂ္ဂတာ = တည်တံ့ခြင်း။

(၅၉) စရိယတရား (၃) ပါး

၁။ လောကတ္ထစရိယ = လောက အကျိုးငှာ ကျင့်ခြင်း၊

၂။	ဉာတတ္တစရိယ	=	အဆွေအမျိုးတို့ အကျိုးငှာကျင့်ခြင်း၊
၃။	ဗုဒ္ဓတ္တစရိယ	=	ဘုရားအဖြစ်ကျင့်ခြင်း။

(၆၀) စရိုက် (၅) ပါး

(စရိုက်-စရိတ္တ—အကျင့်)

(ကမ္မဋ္ဌာန်း (၄၀) လေ့လာပြီးပါက မည်သည့် စရိုက်နှင့် လိုက်သည်ကို လေ့လာ၍ ကမ္မဋ္ဌာန်းကို စီးဖြန်း အပ်ပေသည်။ သို့ရာတွင် ဗုဒ္ဓါနုဿတိ ဂုဏ်တော်သည်၊ အမြတ်ဆုံးဖြစ်၍ ဗုဒ္ဓနုဿတိဂုဏ်တော်အား ပထမ စီးဖြန်းပြီးမှသာ ကျန်မိမိနှင့် သင့်တော်မည့်စရိုက်ကို ရွေးချယ်သင့်ပေသည်။)

၁။	ရာဂစရိုက်	=	တပ်မက်မှုထူပြောခြင်း၊
၂။	ဒေါသစရိုက်	=	အမျက်ဒေါသတူပြောခြင်း
၃။	မောဟစရိုက်	=	တွေဝေမှုလွန်ကဲခြင်း၊
၄။	ဝိတက်စရိုက်	=	တောင်တောင် ဤဤ ကြံစည်မှု များပြားခြင်း၊
၅။	သဒ္ဓါစရိုက်	=	သဒ္ဓါ တရား ကောင်းမွန်ခြင်း၊
၆။	ဗုဒ္ဓိစရိုက်	=	ဆင်ခြင် ဉာဏ်ပ ညာ ကောင်းခြင်း။

(၆၁) စေတနာ (၃)တန်

(အလုပ်တခု၌ စေ့ဆော်ခြင်း သဘောတရား (၃)မျိုး)

၁။ ပုဗ္ဗစေတနာ = မလှူမီဖြစ်ပေါ်လာသော စေတနာ

၂။ မုဉ္စစေတနာ = လှူဆဲ ဖြစ်ပေါ်နေသော စေတနာ၊

၃။ ပရစေတနာ = လှူပြီးနောက် အာရုံပြု၍ ဖြစ်ပေါ် နေသော စေတနာ။

(၆၂) စေတီ (၄) မျိုး

၁။ ဓာတုစေတီ = ဓာတ်တော် ဌာပနာထား သောစေတီ၊

၂။ ဓမ္မစေတီ = တရားပေစာပိဋကတ်တော် များ ဌာပနာထားသော စေတီ၊

၃။ ပရိဘောဂစေတီ = ဘုရား ရှင် ၏ အသုံးအ ဆောင်များ ဌာပနာထား သောစေတီ၊

၄။ ဥဒ္ဒိဿစေတီ = ရည်မှန်း၍ ကိုးကွယ်ထား သောစေတီ။

(၆၃) စီးပွားဖြစ်ထွန်းရာ အကြောင်း (၇)ပါး

၁။ လုံ့လ ဝီရိယရှိခြင်း၊
၂။ အရာရာကို သတိဝီရိယရှိခြင်း၊
၃။ သန့်ရှင်းစွာ အမှုကိစ္စကိုပြုခြင်း။
၄။ စူးစမ်းဆင်ခြင်၍ အမှုကိစ္စကိုပြုခြင်း၊
၅။ ကိုယ်နှုတ်နှလုံး သုံးပါး စောင့်စည်းခြင်း၊
၆။ တရားသဖြင့် အသက်မွေးခြင်း၊
၇။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း။

(၆၄) စီးပွားပျက်စေသော အပြစ် (၆) ပါး

၁။ နေမြင့်အောင်အိပ်ခြင်း၊
၂။ ပျင်းရိခြင်း၊
၃။ နှုတ်၊လက် ကြမ်းခြင်း၊
၄။ နိုး၍ထခဲခြင်း၊
၅။ တယောက်ထည်း ခရီးသွားလေ့ရှိခြင်း၊
၆။ အပျော်အပါးလိုက်စားခြင်း။

(၆၅) စွန့်ခြင်းကြီး (၅)ပါး

(ဘုရားအလောင်း သူတော်ကောင်းတို့ စွန့်လွှတ်မှုကြီး ၅ မျိုး)

၁။ ဓနပရိစ္စာဂ = စည်းစိမ်ဥစ္စာကို စွန့်လွှတ် လှူဒါန်းခြင်း၊

၂။ အင်္ဂပရိစ္စာဂ = ခြေလက်မျက်စိ စသည့် အင်္ဂါကြီးငယ်တို့ကို စွန့်လွှတ် လှူဒါန်းခြင်း၊

၃။ ပုတ္တပရိစ္စာဂ = သားသမီး တို့အား စွန့်လွှတ် လှူဒါန်းခြင်း၊

၄။ ဘရိယပရိစ္စာဂ = မယားကိုစွန့်လွှတ် လှူဒါန်းခြင်း၊

၅။ ဇီဝိတပရိစ္စာဂ = အသက်ကို စွန့်လွှတ် လှူဒါန်းခြင်း၊

(၆၆) စိတ်တခု ရှစ် ၉၀-စိတ် (၈၉)ပါး

၁။ ကာမစိတ် = ၅၄ ပါး

၂။ ရူပစိတ် = ၁၅ ပါး

၃။ အရူပစိတ် = ၁၂ ပါး

၄။ လောကုတ္တရာစိတ် = ၇ ပါး

ပေါင်း = ၈၉ ပါး ဖြစ်၏။

မှတ်ချက်။ ။ အချို့က စိတ်တခု—ရှပ်က(၉၀)ဟု အမှတ်မှားနေကြ၏။

(၆၇) ဆရာ(၃)ပါး

၁။ မုတာစရိယ = သင်ဆရာ၊
၂။ ဒိဋ္ဌာစရိယ = မြင်ဆရာ၊
၃။ သုတာစရိယ = ကြားဆရာ။

(၆၈) ဆွမ်းလှူသောအကျိုး (၁၀)ပါး

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ခွန်အားကြီးခြင်း၊
၄။ လုံ့လ ဝီရိယရှိခြင်း ၊
၅။ အခြံအရံများခြင်း၊
၆။ ချမ်းသာခြင်း၊
၇။ ထမင်းဘောဇဉ်ကို ရလွယ်ခြင်း၊
၈။ အဖျော်ကိုရလွယ်ခြင်း၊
၉။ ရဲရင့်ခြင်း၊
၁၀။ ပညာဉာဏ်ကြီးခြင်း။

(၆၉) ဆေးလှူသောအကျိုး (၁၀) ပါး

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ခွန်အားကြီးခြင်း ၊

၄။ အခြံအရံများခြင်း၊
၅။ ကိုယ်၏ချမ်းသာခြင်း၊
၆။ စိတ်၏ချမ်းသာခြင်း၊
၇။ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းခြင်း၊
၈။ စိုးရိမ်ကြောင့်ကြမှုမရှိခြင်း၊
၉။ သူတပါးတို့ ရိုသေလေးစားခြင်း၊
၁၀။ ချစ်သောသူနှင့် မကွေမကွင်း နေရခြင်း။

(၇၀) ဇာတ်ကြီး (၁၀) ဖွဲ့

တေ၊ဇ၊သု၊နေ၊မ၊ဘူ၊စန်၊နာ၊ဝိ၊ဝေ။

(ဘုရားအလောင်း အရင့်အမာဘဝ(၁၀) ဘဝ)

၁။ တေ = တေမိယဇာတ်၊
၂။ ဇ = ဇနက္ကဇာတ်၊
၃။ သု = သုဝဏ္ဏသျှံဇာတ်၊
၄။ နေ = နေမိဇာတ်၊
၅။ မ = မဟောသဓာဇာတ်၊
၆။ ဘူ = ဘူရိဒတ်ဇာတ်၊
၇။ စန် = စန္ဒကုမာရဇာတ်၊
၈။ နာ = နာရဒဇာတ်၊
၉။ ဝိ = ဝိဓူရဇာတ်၊
၁၀။ ဝေ = ဝေဿန္တရာ ဇာတ်ဖြစ်သည်။

(၇၁)တဏှာ(၃)းမျိုး

(တွယ်တာနှစ်သက်မှု သဘော (၃) ပါး)

၁။ ကာမတဏှာ = ကာမဂုဏ် အာရုံများကို တွယ်တာနှစ်သက်နေမှု၊

၂။ ဘဝတဏှာ = ကာမဂုဏ်အာရုံများ မြဲသည်ဟု ယူဆယုံကြည်နေမှု၊

၃။ ဝိဘဝတဏှာ = ကာမဂုဏ်အာရုံကို ပြတ်စဲ၏ဟူ စွဲလန်းနေမှု (ဝါ) ဝိဘဝဒိဋ္ဌိနှင့်အတူဖြစ်နေသော တဏှာ။

(၇၂) တဏှာခေါ်လှစ် (၁၀၈)

(တွယ်တာနှစ်သက်မှုသဘောခေါ် တဏှာ၏ အကျယ်ကို ပွားယူပုံ)

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ
သုံးပါးကိုတည်ပါ။ = ၃
၎င်းကို ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊
ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ(၆)ပါးနှင့်မြှောက်ပါ = ၆
၁၈ ပါးရ၏။

၎င်းကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်
နှင့် ဆက်မြှောက်ပါ = ၃
၅၄ ပါး ရ၏။

၎င်းကိုအဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်(၂)ပါး
နှင့် မြှောက်ပါ = ၂
တဏှာ =၁၀၈ ပါးရ၏။

(၇၃) တရားတော်၏ နက်နဲခြင်း (၄)ပါး

၁။ ခမ္မ = ပါဠိတော်၏ နက်နဲခြင်း၊
၂။ အတ္ထ = အနက် အဓိပ္ပါယ်၏ နက်နဲခြင်း၊
၃။ ဒေသနာ = ဒေသနာတော် (တရားတော်)၏ နက်နဲခြင်း၊
၄။ ပဋိဝေဓ = အသိဉာဏ်၏ နက်နဲခြင်း။

(၇၄) တရားနာသူ (၆)မျိုး

၁။ လောဘ၊ ဒေါသ၊ မောဟတရားများ ခေါင်းပါးစေလို၍ တရားနာခြင်း။
၂။ သောက၊ ပရိဒေဝမီးများ ချုပ်ငြိမ်းစေလို၍ တရားနာခြင်း။
၃။ သဒ္ဓါပညာ သမာဓိ ပိုမိုပွားများ ခိုင်မြဲစေလို၍ တရားနာခြင်း။
၄။ ဒုက္ခသောမနဿ စသည်တို့ ချုပ်ငြိမ်းစေလို၍ တရားနာခြင်း၊
၅။ သူတပါး ချီးမွမ်းခံလို၍ တရားနာခြင်း။
၆။ မင်္ဂဖိုလ်နှင့်လျော်ကန် သင့်မြတ်သော ကျင့်ဝတ်များ သိစိတ်ရစိမ့်သောငှာ တရားနာခြင်း။

(၇၅) တရားနာရခြင်း အကျိုးတရား (၅) ပါး

၁။ မကြားဘူးသေးသည့်တရား အသစ် အဆန်းများကို ကြားနာရခြင်း။
၂။ သိပြီးတရားများ တဖန်ထပ်မံနာကြားရသဖြင့် ခိုင်မြဲ သန့်စင်ခြင်း။
၃။ အယူအဆ အတွေးအခေါ် ဝေဖန်ဥာဏ် ဖြောင့်မှန်ခြင်း။
၄။ ယုံမှားသံသယဒွိဟများ ပယ်ဖျောက်နိုင်ခြင်း။
၅။ စိတ်နှလုံး ချမ်းမြေ့ကြည်လင်ခြင်း။

(၇၆) တရားနာရခြင်းအကျိုးပြလင်္ကာ

မကြားဘူးက၊ ကြားဘူးရခြင်း၊ ပြီးခြင်းစင်ကြယ်၊ ပျောက်ပယ်ယုံမှား၊ ဖြောင့်ငြားအယူ၊ ကြည်ဖြူစိတ်ထား၊ ဤငါးပါးကား၊ တရားနာက၊ အကျိုးရ။

(၇၇) တံမြက်လှည်းခြင်း အကျိုးတရား (၃) ပါး

၁။ သကစိတ္တံ ပသီဒတိ = မိမိစိတ်ကြည်လင်ခြင်း၊
၂။ ပရစိတ္တံ ပသီဒတိ = သူတပါးစိတ်ကို ကြည်လင်စေခြင်း၊
၃။ ဒေဝတာ-အတ္တမနာ = နတ်တို့ နှစ် သက် ဝမ်းမြောက်ခြင်း၊

၄။ ပါသာဒိက-သံဝတ္တနိကံ ပုညံ	–	စိတ်ကြည်လင်ဘွယ်ဖြစ်စေသောကြောင့် ကုသိုလ်ကောင်းမှုဆက်လက်ပြုလုပ်လိုခြင်း၊
၅။ သုဂတိ လောကံ ဥပ္ပဇ္ဇတိ	=	သေသည်၏ အခြားမဲ့၌ သုဂတိဘုံသို့ လားစေတတ်ခြင်း။

(၇၈) တော်ဖြောင့်အောင်ကျင့်နည်း (၆) ပါး

၁။ ကတညုတာ	=	သူတပါးပြုဘူးသော ကျေးဇူးကိုသိရှိဆပ်ခြင်း၊
၂။ ကတဝေဒီ	=	သူတပါး ကျေးဇူးကို ဖော်ထုတ်မြွက်ဆိုချီးကျူးခြင်း။
၃။ ဒဠှတ္ထိ	=	မိမိပြောဆိုသော စကားကို ခိုင် မြဲ တည် တံ့ အောင် ပြုရခြင်း။
၄။ ဒုက္ခ	=	သူဆင်းရဲသည် ကိုကိုယ်ဆင်းရဲသည်ဟု မှတ်ထင်ရခြင်း။
၅။ ကလျာဏမိတ္တဗန္ဓ	=	အဆွေခင်ပွန်းကောင်းတို့နှင့် မိတ်ဆွေဖွဲ့ရခြင်း။
၆။ မိတ္တ သံမဂ္ဂ	=	ပေါင်းသင်းဆက်ဆံပြီး မိတ်ကောင်းတို့အား အစဉ်မိတ်မပျက်အောင် ပေါင်းသင်းရခြင်း၊ မပြစ်မှားရခြင်း။

(၇၉) တောင့်တ၍မရအပ်သောတရား
[၅] ပါး

၁။ မအိုရန်၊ ၂။ မနာရန်၊
၃။ မသေရန်၊ ၄။ မပျက်ယွင်းရန်၊
၅ မကုန်ခမ်းရန်တောင်းတ၍ မရစကောင်း။

(၈၀) ထိခြင်းငါးပါး

အနန္တော အနန္တငါးပါးကို ရှိခိုးဦးခိုက်သောအခါ၊ ထိခြင်းငါးပါးဖြင့် ထိခြင်းကိုဆိုလိုသည်။ ၎င်းတို့မှာ-

၁။	ပုဆစ်ဒူးနှစ်ဘက်နှင့် မြေပြင်အခင်းကိုထိခြင်း	၂ ပါး
၂။	တထောင်နှစ်ဘက်နှင့် ပဆစ်ဒူးထိခြင်း	၂ ပါး
၃။	လက်အုပ်မိုးနှင့် နဖူးထိခြင်း	၁ ပါး
	ပေါင်း =	၅ ပါး

ဖြစ်၏။

(၈၁) ဒါနမျိုးစုံ - အဖုံဖုံ

(က) ဒါနပြုရှာကြောင်း (၈) ဖြာ

၁။ မိမိရှိရာ နေရာဌာနသို့ရောက်လာ၍ လှူခြင်း။
၂။ ကြောက်ရွံ့၍ လှူခြင်း။
၃။ သူတပါးကပေးလှူ၍ မိမိကတဖန်ပြန်လှူခြင်း။

၄။ လာဘ်ကို မျှော်၍လှူခြင်း။
၅။ မိရိုးဖလာလှူခြင်း။
၆။ ရဟန်းတော်များ ချက်မစားကောင်း၍ လှူခြင်း။
၇။ ချီးမွမ်းခံလို၍ လှူခြင်း။
၈။ မင်္ဂလိုက်ကို ရလို၍လှူခြင်း။

(ခ) ဒါနပြုရာကြောင်း (၈) ဖြာ လင်္ကာ

၁။ ရောက်လာ၍လှူ၊ ကြောက်၍ လှူနှင့်၊
ပေးလှူ၍လှူ၊ ပေးလိမ့်လှူတည့်၊
ရှေးသူတို့ငြိမ်း၊ မချက်စွမ်းနှင့်၊
ချီးမွမ်းရလို၊ မင်္ဂလိုက်လိုသည်၊
မိန့်ဆိုဒါန–ရှစ်မျိုးတည်း။ ။

(ဂ) ဝဋ္ဋနိဿိတဒါနနှင့် ဝိဝဋ္ဋနိဿိတဒါန

၁။ ဝဋ္ဋနိဿိတ ဒါန = လူနတ် စည်းစိမ် ချမ်းသာကို သာ တောင့်တ၍ လှူသော ဒါနမျိုး။

၂။ ဝိဝဋ္ဋနိဿိတဒါန = သံသရာမှ လွတ် မြောက်၍ နိဗ္ဗာန်သို့ ရည်မှန်းပြီး လှူသော ဒါနမျိုး။

(ဃ) အာမိသဒါနနှင့် ဓမ္မဒါန

၁။ အာမိသဒါန = ဝတ္ထုမျိုးစုံ အလှူမျိုး
၂။ ဓမ္မဒါန = တရားပေစာအလှူ (တရားဟောတနားနာ၊ တရား အားထုတ်၊ တရားစာသင်ယူ ပို့ချသော ဒါနမျိုး။

(င) အဂ္ဂဒါနနှင့် ဥစ္ဆိဋ္ဌဒါန

၁။ အဂ္ဂဒါန = စားဦးစားဖျား ထွတ်ထွတ် မြတ်မြတ် သစ်သစ်လွင်လွင်ကို ပေးလှူသော ဒါနမျိုး။
၂။ ဥစ္ဆိဋ္ဌဒါန = စားကြွင်း စားကျန် သုံးစွဲပြီးသား ပေးလှူသော ဒါနမျိုး။

(စ) သံဃိကဒါနနှင့် ပုဂ္ဂလိကဒါန

၁။ သံဃိကဒါန = အများ ပိုင်ဆိုင်စေသော အလှူ ဒါနမျိုး၊
၂။ ပုဂ္ဂလိကဒါန — တဦးတည်းပိုင်ဆိုင်စေသော အလှူဒါနမျိုး၊

(ဆ) သက္ကစ္စဒါနနှင့် အသက္ကစ္စဒါန

၁။ သက္ကစ္စဒါန = ရိုသေလေးမြတ်စွာ ပေးလှူခြင်း ဒါနမျိုး။
၂။ အသက္ကစ္စဒါန = မရိုမသေပေးလှူသော ဒါနမျိုး ။

(၈) ဒါနအလှူ– ၅၌ (၃) ဖြာ

၁။ ဟိနဒါန = ပကာသနမှုကို လိုလားပြီး၊ စိတ်၊ ဆန္ဒ၊ ဝီရိယ ညံ့ညံ့ဖြင့် ပြုသော ဒါနမျိုး။

၂။ မဇ္ဈိမဒါန = စိတ်၊ စေတနာ၊ ဆန္ဒ၊ ဝီရိယ၊ အလယ်အလတ်စားရှိ၍ လောကီချမ်းသာမှုကို အာရုံပြု လှူဒါန်းသော ဒါနမျိုး။

၃။ ပဏီတဒါန = စိတ်၊ ဆန္ဒ၊ စေတနာ၊ ဝီရိယ၊ ထက်မြက်ရင့်သန်၍ နိဗ္ဗာန်သို့ ရှေးရှု လှူဒါန်းသော ဒါနမျိုး။

(၉) ဒါနသုံးဖြာ တနည်းလာ

၁။ ဒါနဒါသ = ကျေးကျွန်ကို ပေးကျွေးသကဲ့သို့ ယုတ်ညံ့စွာ ပေးလှူသော ဒါနမျိုး။

၂။ ဒါနသဟာယ = မိတ်ဆွေကို ပေးကျွေး သကဲ့သို့ ကိုယ်စား သုံးသည့် အတိုင်း ပေးလှူသော ဒါနမျိုး။

၃။ ဒါနသာမိ = အရှင်သခင်ကို ပေးကျွေးသကဲ့သို့ အထွတ် အမြတ်၊ အလေးထား ပေးလှူသော ဒါနမျိုး။

(ည) ဒါနဝတ္ထု(၁၀)ပါး

၁။	အန္န	=	ဆွမ်းအလှူ၊
၂။	ပါန	=	အဖျော်ရည်အလှူ၊
၃။	ဿရ	=	ကျောင်းဇရပ်အလှူ၊
၄။	ဝတ္ထ	=	အဝတ်သင်္ကန်းအလှူ၊
၅။	ယာန	=	လှေ၊ ရထား ယာဉ် အမျိုးမျိုး၊ အလှူ၊
၆။	မာလ	=	ပန်းအလှူ၊
၇။	ဝိလေပန	=	နံ့သာပျောင်းရည်အလှူ၊
၈။	သေယျ	=	အိပ်ရာကော်ဇောအလှူ၊
၉။	ဂန္ဓ	=	နံ့သာမှုန့် ရေမွှေးအလှူ၊
၁၀။	ပဒီပ	=	ဆီမီးအလှူ၊

(ဋ) မြတ်ဒါနမင်္ဂလာ ဤသုံးဖြာ

၁။ အလှူပေးသူသည် ဖြူစင်သော သီလဖြင့် ကျွတ်ကျွတ် လွတ်လွတ် စွန့်ကြဲပေးကမ်းလှူဒါန်းနိုင်ခြင်း။

၂။ အလှူခံပုဂ္ဂိုလ်တို့၏ အကျင့်သီလဖြူစင်ခြင်း။

၃။ လှူဘွယ်ဝတ္ထုသည်၊ တရားသဖြင့် စင်ကြယ်စွာရရှိထား သော ပစ္စည်းများဖြစ်ခြင်း။

ဤသုံးချက်နှင့်ညီလျှင်မွန်မြတ်သောအကျိုးတရားများရရှိနိုင်၏။

(၄) ဒိဋ္ဌဓမ္မအကျိုးပေးသော ဒါနအင်္ဂါ ဤ(၄)ဖြာ

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ရဟန္တာ၊ ရှင်ပစ္စေကာ ဗုဒ္ဓါ ဖြစ်ခြင်း။

၂။ နိရောဓ၊ သမာပတ်မှထခါစဂုဏ်နှင့်ပြည့်စုံခြင်း။

၃။ လှူဘွယ်ဝတ္ထုသည် တရားသဖြင့်နှင့် စင်ကြယ် သန့်ရှင်းခြင်း။

၄။ ထူးကဲမွန်မြတ်သော သဒ္ဓါတရား ရှိခြင်းတို့နှင့် ပြည့်စုံက လက်ငင်းဒိဋ္ဌအကျိုးပေးနိုင်သည်။

(၀၂) ဒုက္ခ (၃) မျိုး

၁။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲသောဒုက္ခမျိုး။

၂။ လောကစည်းစိမ်များ မဖြစ်ဖြစ်အောင် ပြုပြင်အားထုတ် ရသည့် ဆင်းရဲသောဒုက္ခမျိုး။

၃။ သင်္ခါရနယ်ပယ် ဟူသမျှ ဖေါက်ပြန်ပျက်စီး ဆင်းရဲ ရသောဒုက္ခမျိုး။

(၁၃) ဒုက္ခ (၈) ပါး

၁။ ဇာတိဒုက္ခ = ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊
၂။ ဇရာဒုက္ခ = အိုရခြင်း ဆင်းရဲ၊
၃။ ဗျာဓိဒုက္ခ = နာမကျန်းဖြစ်ရခြင်း ဆင်းရဲ၊
၄။ မရဏဒုက္ခ = စုတေသေလွန်ရခြင်း ဆင်းရဲ၊
၅။ အပိယေဟိ သမ္ပယောဂ-ဒုက္ခ = မချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်း ဆင်းရဲ။
၆။ ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ = ချစ်နှစ်သက်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲ၊
၇။ ယံပိစ္ဆံ နလဘတိ ဒုက္ခ = လိုသောအရာကို မရသောဆင်းရဲ၊
၈။ ပဥ္စုပါဒါနက္ခ ခန္ဓဒုက္ခ = ခန္ဓာငါးပါးဖြစ်ပေါ်နေခြင်း ဆင်းရဲ။

(၁၄) ဒေါသဖြစ်လွယ်သည့်အင်္ဂါ(၆)ပါး

၁။ ခရီးသွားရာမှ ပြန်လာခိုက်၊
၂။ ထမင်းစားခါစအခိုက်၊
၃။ အိပ်ရာထစအခိုက်၊
၄။ ဆာလောင်မွတ်သိပ်နေခိုက်၊
၅။ ဝေဒနာခံစားနေရသောအခိုက်၊
၆။ စိတ်တိုနေခိုက်တို့တွင် ဒေါသဖြစ်လွယ်သည်။

(၀၅) ဒုစရိုက် (၁၀) ပါး

ဒု=မကောင်းသော+စရိုက်=စာရိတ္တ=အကျင့်

မကောင်းသောအကျင့် (၁၀)ပါး

ကာယကံ (၃)ပါး (ကိုယ်ဖြင့် ကျူးလွန်ခြင်း]

၁။ ပါဏာတိပါတာ = သူ့အသက်ကို သတ်ခြင်း၊
၂။ အဒိန္နာဒါနာ = သူ့ဥစ္စာကို ခိုးယူခြင်း။
၃။ ကာမေ = သူ့သားမယားအား ပြစ်မှား ကျူးလွန်ခြင်း။

ဝစီကံ (၄)ပါး (နှုတ်ဖြင့်ကျူးလွန်ခြင်း)

၄။ မုသာဝါဒါ = မမှန်သော စကားကို ပြောဆိုခြင်း။
၅။ ပိသုဏဝါစာ = အချစ် ပျက်အောင် ကုံးချောခြင်း။
၆။ ဖရုသဝါစာ = ကြမ်းတမ်းစွာ ပြောဆိုခြင်း။ ဆဲရေးခြင်း။
၇။ သမ္ဖပ္ပလာပဝါစာ = သိမ်ဖျင်းသော အကျိုးမရှိသော စကားကို ပြောဆိုခြင်း။

မနောကံ (၃) ပါး (စိတ်ဖြင့်ကျူးလွန်ခြင်း)

၈။ အဘိဇ္ဈာ = သူတပါးစည်းစိမ်ကို ကိုယ့်စည်းစိမ် ဖြစ်ရန် ကြံစည်ခြင်း။

၉။ ဗျာပါဒ = သူတပါးပျက်စီးအောင် ကြံစည်ခြင်း။

၁၀။ မိစ္ဆာဒိဋ္ဌိ = မှားသောအယူကို ယူခြင်း။

(က) ဒုစရိုက် ဆယ်ပါး လင်္ကာ

၁။ သတ်မှု၊ ခိုးမှု၊ ကာမေသု–သုံးခု ကာယကံ၊

၂။ လှည့်စားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလျှော့ခြင်း၊ သိမ်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။

၃။ သူ့ဥစ္စာမှန်၊ မတရားကြံ၊ ဖောက်ပြန်သေကြေ၊ ပျက်စီးစေငြား၊ အယူမှား၊ သုံးပါး မနောကံ။

မှတ်ချက်။ ဒုစရိုက်ပြောင်းပြန်သည် သုစရိုက်ဖြစ်၏။ ကောင်းသော အကျင့်ဖြစ်၏။

(၁၆) ပညာရကြောင်း အကြောင်းတရား(၈)ပါး

(ရှင်မဟာ ရဋ္ဌသာရ)

သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ

၁။ သုဏေယျ = ကြားနာရာ၏။

၃။ စိန္တေယျ = ကြံစည်ရာ၏။

၃။ ပုစ္ဆေယျ = မေးမြန်းရာ၏။

၄။ ဘာသေယျ = ပြောဆိုရာ၏။
၅။ ဝိစာရေယျ = စူးစမ်း ဆင်ခြင်ရာ၏။
၆။ လိခေယျ = ရေးသားရာ၏။
၇။ သိက္ခေယျ = လေ့ကျင့်ရာ၏။
၈။ ဓာရေယျ = နှုတ်ငုံအရ ဆောင်ရာ၏။

(၈၇) ပညာရခြင်း အကြောင်း (၈)ပါး

၁။ ဝယပရိဏာမ = အရွယ်ကိုင်သဖြင့် ပညာရ၏။
၂။ ယသပရိဏာမ = အခြံအရံကိုင်သဖြင့် ပညာရ၏။
၃။ ပရိပုစ္ဆာ = မေးမြန်းခြင်းဖြင့် ပညာရ၏။
၄။ တိတ္ထဝါသ = ကြာမြင့်စွာ နေရခြင်းဖြင့် ပညာရ၏။
၅။ ယောနိသော မနသိကာရ = ကြံဆခြင်းဖြင့် ပညာရ၏။
၆။ သာကစ္ဆာ = ဆွေးနွေး တိုင်ပင်ခြင်းဖြင့် ပညာရ၏။
၇။ သိနေဟူပသေဝန = ချစ်ခင်သူကို ပေါင်းဖော် ခြင်းဖြင့် ပညာရ၏။
၈။ ပတိရူပဒေသဝါသ = လျောက်ပတ်သောအရပ်၌ နေခြင်းဖြင့် ပညာရ၏။

(၁၁) ပညာရှိတို့၏ အကျင့် (၃) ပါး

၁။ သုစိန္တိတစိန္တီ = ကောင်းသော အကြံအစည်ကို ကြံစည်ခြင်း၊

၂။ သုဘာသိတ ဘာသီ = ကောင်းသော စကားကိုသာ ပြောဆိုခြင်း။

၃။ သုကတကမ္မ-ကာရီ = အပြစ်မရှိ ကောင်းသော အလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်း။

(၁၉) ပညာရှိလက္ခဏာ (၇) ပါး

၁။ သဒ္ဓါ = စိတ်ကြည်လင်ခြင်း။

၂။ ဟိရီ = မကောင်းမှုမှရှက်ခြင်း။

၃။ ဩတ္တပ္ပ = မကောင်းမှုမှ ကြောက်ခြင်း။

၄။ ဗဟုသစ္စ = အကြားအမြင် များခြင်း။

၅။ ဝိရိယ = လုံ့လ အားထုတ်ခြင်း။

၆။ သတိ = မမေ့မလျော့ခြင်း။

၇။ ပညာ = မြော်မြင်ဆင်ခြင်တတ်သော အသိရှိခြင်း။

(၉၀) ပညာရှိတို့ စွန့်ပယ်အပ်သူ (၁၁) ဦး

၁။ ကောဓံ = အမျက်ဒေါသကြီးသူ၊
၂။ လောဘံ = အလိုကြီးသူ၊
၃။ မဒံ = မာန်ရစ်လွန်းသူ၊
၄။ မာနံ = ထောင်လွှားသူ၊
၅။ တိန္တိံ = ပျင်းရိသူ၊
၆။ ဠုသံ = ငြူစူစောင်းမြောင်းသူ၊
၇။ ပမာဒံ = ကုသိုလ်ကောင်းမှု၌ မေ့လျော့သူ၊
၈။ သောဏ္ဍံ = သေအရက် သောက်ကျူးသူ၊
၉။ နိဒ္ဒါလုကံ = အအိပ်ကြူးသူ၊
၁၀။ မက္ခံ = ကျေးဇူး ချေတတ်သူ(ကန်းသူ)
၁၁။ မစ္ဆေရဉ္စ = ဝန်တိုသူ။

(၉၁) ပညာရှိတို့ နှစ်မြို့ခြင်းအကြောင်း (၃) ပါး

၁။ တပည့်မိုက်ကို ပညာသင်ကြား လက်သုံးထားခြင်း။
၂။ အကျင့်ယုတ်သော မိန်းမနှင့် ပေါင်းဖော်ခြင်း။
၃။ မသူတော်နှင့် ပေါင်းဖော်ခြင်း။

(၉၂) ပန်းလှူရခြင်းအကျိုးတရား(၅)ပါး

၁။ လှပသန့်ရှင်းသော ရုပ်အဆင်းအင်္ဂါရှိခြင်း။
၂။ သင်းပျံ့မွှေးကြိုင်သော ကိုယ်အနံ့ရှိခြင်း။
၃။ နတ်လူတို့ချစ်ခင်မြတ်နိုးခြင်း။
၄။ ကျော်ဇောသတင်း ပျံ့နှံ့ခြင်း။
၅။ ကိုယ်စိတ်ချမ်းသာ ရွှင်လန်းခြင်း။

(၉၃) ပါရမီ(၁၀)ပါး

၁။ ဒါနပါရမီ	=	လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း။
၂။ သီလပါရမီ	=	သီလဆောက်တည်ခြင်း။
၃။ နေက္ခမပါရမီ	=	အိမ်ယာ ခွာရှောင် ရဟန်းဘောင်ကပ်ရောက်ခြင်း(တောထွက်ခြင်း)
၄။ ပညာပါရမီ	=	ပညာကို ဆည်းပူး ရှာဖွေတိုးပွားစေခြင်း။
၅။ ဝီရိယ ရပါမီ	=	အားထုတ် လုံ့လ ကြိုးစားခြင်း။
၆။ ခန္တီပါရမီ	=	သည်းခံခြင်း။
၇။ သစ္စာပါရမီ	=	ဖြောင့်မှန်စွာ ပြောဆို လုပ်ကိုင်ကြံစည်ခြင်း။

၈။ မေတ္တာပါရမီ = သတ္တဝါများကို ကျေးဇူးရှင်သား မခွဲခြားဘဲ တသားတည်း ချစ်ခင်ခြင်း။
၉။ အဓိဋ္ဌာန်ပါရမီ = ဆုံးဖြတ်လုပ်ကိုင်ခြင်း။
၁၀။ ဥပေက္ခာပါရမီ = လျစ်လျူရှုခြင်း။

(၉၄) ပဉ္စဝဂ္ဂီ (၅) ဦး

(ဓမ္မစကြာတရားဦး နာရသူငါးဦးဖြစ်သည်)

၁။ ကောဏ္ဍည ၃။ ဝပ္ပ
၂။ ဘဒ္ဒိယ ၄။ မဟာနာမ်
၅။ အဿဇိ။

(၉၅) ပဉ္စာနန္တရိယကံထိုက်သူ (၅) ဦး

(ဤငါးပါးကို ကျူးလွန်သူသည် ကံကြီးထိုက်သည် မည်၏။) ကုသိုလ်မရ၊ သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့ မလွဲဧကန်လားရတတ်၏)

၁။ မာတုဃာတက = အမိရင်းကိုသတ်သူ၊
၂။ ပိတုဃာတက = အဖရင်းကိုသတ်သူ၊
၃။ အရဟန္တဃာတက = ရဟန္တာကိုသတ်သူ၊
၄။ လောဟိတုပ္ပါဒက = ဘုရားအား သွေး စိမ်း တည်အောင်ပြုသူ၊
၅။ သံဃဘေဒက = သံဃာတော် တို့အား ဂိုဏ်းသင်းကွဲအောင်ပြုသူ။

(၉၆) ပဟာန်(၅)ပါး

ကိလေသာကိုပယ်နိုင်သောတရား(၅)ပါး

၁။ တဒင်္ဂ ပဟာန် = တခဏ၊ ကိလေသာကို ပယ်နိုင်ခြင်း၊

၂။ ဝိက္ခမ္ဘနပဟာန် = ဈာန်သမက်ဖြင့် ကိလေသာကို ပယ်နိုင်ခြင်း၊

၃။ သမုစ္ဆေဒ ပဟာန် = မဂ်တရား စုဖြင့် ကိလေသာကို ပယ်နိုင်ခြင်း၊

၄။ ပဋိပဿဒ္ဓိ ပဟာန် = ဖိုလ်တရားစုဖြင့် ကိလေသာကို ပယ်နိုင်ခြင်း၊

၅။ နိဿရဏပဟာန် = ပရိနိဗ္ဗာန်ဓာတ်ဖြင့် ကိလေသာ ပယ်နိုင်ခြင်း၊

(၉၇) ပီတိ (၅)ပါး

ကိုယ်စိတ်နှစ်ပါး ရွှင်လန်းဝမ်းမြောက်စေသော လက္ခဏာ (၅)ပါး]

၁။ ခုဒ္ဒကာပီတိ = ကြက်သီး မွေးညှင်းထရုံမျှ နှစ်သက်ရွှင်ပြခြင်း၊

၂။ ခဏိကာပီတိ = လျှပ်စစ်ပြက်သကဲ့သို့ ခဏ ခြင်း ဖြစ်၍၊ ခဏခြင်း ပျက်သော နှစ်သက်ရွှင်ပြခြင်းမျိုး၊

၃။ ဩက္ကန္တိကပီတိ = ဒီလှိုင်းကြီးများ လှမ်းမိုးသွာ ဘိသကဲ့သို့ ကိုယ်လုံး၌ လှမ်ဖုံး သက်ရောက်သောပီတိမျိုး၊

၄။ ဥဗ္ဗေဂါပီတိ = နှစ်သက်ခြင်း အဟုန်ဖြင့် မိမိ ကိုယ်ကို အထက်သို့ လွင့်မြောက် သွားစေသော ပီတိမျိုး၊

၅။ ဖရဏာပီတိ = တကိုယ်လုံး ဖိမ့် ဆိမ့် အိမ့်သွား အောင် တစိမ့်စိမ့်ကြာ မြင့်စွာ ပြန့်နှံ့သွားသော ပီတိမျိုး၊

(၉၈) ပူဇော်ခြင်း (၂)မျိုး

၁။ အာမိသပူဇာ = လှူ ဘွယ် ဝတ္ထု ပစ္စည်း ဖြင့် ပူဇော်ခြင်း၊

၂။ ဓမ္မပူဇာ = တရားစကားကို လိုက်နာကျင့် ဆောင်ခြင်းဖြင့် ပူဇော်ခြင်း၊

(၉၉) ဖွားဘက်တော် (၇)ပါး

ကာဠုဒါယီ၊ ယသော်ဓရာ၊ ညီတော်အာနန္ဒာ၊ ဆန္န အမတ်၊ ကဏ္ဍကမြင်း၊ သောဏ၊ ဗောဓိပင်
မှတ်လေဖွားဘက်တော်။

၁။ ကာဠုဒါယီ = (အမတ်)
၂။ ယသော်ဓရာဒေဝီ = (မိဖုယား)
၃။ ညီတော်အာနန္ဒာ = (မထေရ်)
၄။ ဆန္နအမတ် = (မြင်းထိန်း-အမတ်)
၅။ ကဏ္ဍကမြင်း = (တောထွက်သောအခါ စီးသောမြင်းဖြူတော်)
၆။ သောဏ = ရွှေအိုးကြီးလေးလုံး
၇။ ဗုဒ္ဓဟော = ဘုရားပွင့်သော ဗောဓိညောင်ပင်။

(၁၀၀) ဗုဒ္ဓ (၄) မျိုး

၁။ သုဗုဒ္ဓ = အကြားအမြင်များ၍ကျမ်းဂန်ဉာဏ်နှံ့စပ်သောပုဂ္ဂိုလ်။
၂။ စတုသစ္စဗုဒ္ဓ = သစ္စာလေးပါးကို သိမြင်သော ရဟန္တာပုဂ္ဂိုလ်။
၃၊ ပစ္စေကဗုဒ္ဓ = သီးခြားပွင့်တော်မူသော ဘုရားငယ်။
၄။ သမ္မာသမ္ဗုဒ္ဓ = အတုမရှိ၊ သဗ္ဗညုဉာဏ်တော်နှင့် ပြည့်စုံသောမြတ်စွာဘုရား။

(၁၀၁) ဗုဒ္ဓ၏အသံတော်အင်္ဂါ (၈)ပါး

၁။ ဝိဿဋ္ဌ = သန့်ရှင်းစင်ကြယ်ခြင်း။
၂။ မဉ္ဇု = သာယာခြင်း။
၃။ ဝိညေယျ = သိလွယ်ခြင်း။
၄။ သဝနီယ = နာချင်ဘွယ်ရှိခြင်း။
၅။ ဝိသာရိနော = ပြန့်နှံ့ခြင်း။
၆။ ဗိန္ဒု = စည်းလုံးပြည့်စုံခြင်း။
၇။ ဂမ္ဘီရ = နက်နဲခြင်း။
၈။ နိန္နာဒိ = ပဲ့တင်ထပ်ခြင်း။

(၁၀၂) ဗုဒ္ဓဘာသာဝင်သူတို့၏ ယုံကြည်ချက် (၅)ချက်

၁။ ဗုဒ္ဓသဒ္ဒဟန = ဘုရား၌ ယုံကြည်ခြင်း။
၂။ ဓမ္မသဒ္ဒဟန = တရား၌ ယုံကြည်ခြင်း။
၃။ သံဃသဒ္ဒဟန = သံဃာ၌ ယုံကြည်ခြင်း။
၄။ ကမ္မသဒ္ဒဟန = ကံတရား၌ ယုံကြည်ခြင်း။
၅။ ကမ္မဖလသဒ္ဒဟန = ကံ ၂-ပါး၏ ကောင်းမွေ၊ ဆိုးမွေရ-မှုကို ယုံကြည်ခြင်း။

(၁၀၃) ဗိုလ် (၅)ပါး =(ဗိုလ်=ဗလ=အား)

(ကောင်းမှုကုသိုလ် ပြုသောအခါ၊ ထိုဗိုလ်ငါးပါးကို ရှေ့တန်းတင်ထားသင့်သည်၊)

၁။ သီလဗိုလ်　　၂။ ဝိရိယဗိုလ်
၃။ သတိဗိုလ်　　၄။ သမာဓိဗိုလ်
၅။ ပညာဗိုလ်။

(၁၀၄) ဘုံ (၃) ပါး၊

၁။ ကာမဘုံ	=	၁၁ ဘုံ
၂။ ရူပဘုံ	=	၁၆ ဘုံ
၃။ အရူပဘုံ	=	၄ ဘုံ
ပေါင်း	=	၃၁ ဘုံ

(၁၀၅) ဘုံ (၃၁)

၁။ အပါယ်	၄ ဘုံ	
၂။ နတ်ဘုံ	၆ ဘုံ	
၃။ လူဘုံ	၁ ဘုံ	
၄။ ရူပဘုံ	၁၆ ဘုံ	ဗြဟ္မာ့ဘုံ (၂၀)
၅။ အရူပဘုံ	၄ ဘုံ	
	၃၁ ဘုံ	

(၁) အပါယ်(၄) ဘုံ

၁။ ငရဲဘုံ
၂။ တိရစ္ဆာန်ဘုံ
၃။ ပြိတ္တာဘုံ
၄။ အသူရကာယ်ဘုံ

(၂) နတ်ဘုံ (သို့မဟုတ်) နတ်ပြည်(၆)ထပ်

၁။ စတုမဟာရာဇ်ဘုံ
၂။ တာဝတိံသာဘုံ
၃။ ယာမာဘုံ
၄။ တုသိတာဘုံ
၅။ နိမ္မာနရတိဘုံ
၆။ ပရနိမ္မိတဝသဝတ္တိဘုံ

(၃)လူ့ဘုံ(၁)ဘုံ

၁။ လူ့ပြည်

(၄) ရူပဘုံ (၁၆)ဘုံ

(ဗြဟ္မာတို့နေရာဘုံဌာန)

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ)
၂။ ဗြဟ္မပုရောဟိတာဘုံ) ပေါင်းပဌမဈာန်
၃။ မဟာဗြဟ္မာဘုံ) (၃)ဘုံ

၄။ ပရိတ္တာဘာဘုံ)
၅။ အပ္ပမာဏာဘာဘုံ) ပေါင်း ဒုတိယ
၆။ အာဘဿရာဘုံ) ဈာန် (၃)ဘုံ

၇။ ပရိတ္တာသုဘာဘုံ)
၈။ အပ္ပမာဏာသုဘာဘုံ) ပေါင်း တတိယ
၉။ သုဘကိဏှာဘုံ) ဈာန်(၃) ဘုံ

၁၀။ ဝေဟပ္ဖိုလ်ဘုံ)
၁၁။ အသညသတ်ဘုံ)
၁၂။ အဝိဟာဘုံ)
၁၃။ အတပ္ပါဘုံ) ပေါင်းစတုတ္ထဈာန်
၁၄။ သုဒဿာဘုံ) (၇)ဘုံ
၁၅။ သုဒဿီဘုံ)
၁၆။ အကနိဋ္ဌာဘုံ)

(၅) အရူပ(၄)ဘုံ

(ရုပ်မရှိ-နာမ်သာရှိသော ဗြဟ္မာ့ဘုံများ)

၁။ အာကာသာနဉ္စာယတနဘုံ = ကပ္ပါနှစ်သောင်းအသက်ရှည်သောဘုံ။

၂။ ဝိညာဏဉ္စာယတန = ကပ္ပါ လေးသောင်း အသက်ရှည်သောဘုံ

၃။ အာကိဉ္စညာယတန = ကပ္ပါ ခြောက်သောင်း အသက် ရှည်သောဘုံ။

၄။ နေဝသညာနာသညာယတနဘုံ = ကပ္ပါ ရှစ် သောင်း အသက်ရှည်သောဘုံ။

(၁၀၆) ဘုရားအကြောင်း သိကောင်းစရာများ

၁။ အလောင်းတော်နတ်သား ဖြစ်စဉ်က အမည်။ = သေတကေတုနတ်သား၊

၂။ ဘုရားအလောင်းတော်ဘွဲ့ = သိဒ္ဓတ္ထမင်းသား၊

၃။ ခမည်းတော် = သုဒ္ဓေါဒနမင်းကြီး၊

၄။ မယ်တော် = မဟာမာယာဒေဝီ၊

၅။ မိထွေးတော် = ဂေါတမီ၊

၆။ မိဖုယား = ယသော်ဓယာဒေဝီ၊

၇။ သားတော် = ရာဟုလာ၊

၈။ တိုင်းပြည် = ကပ္ပိလဝတ်ပြည်၊

၉။	ဘုရားဘွဲ့တော်	= ဂေါတမဘုရား
၁၀။	ပဋိသန္ဓေတည်ချိန်	= မဟာသက္ကရာဇ် (၆၇) ခုနှစ် ဝါဆို လ ပြည့် (ကြာသပတေးနေ့)
၁၁။	ဖွားတော်မူသောနေ့	= မဟာသက္ကရာဇ် (၆၈) ခုနှစ် ကဆုန် လ ပြည့် (သောကြာနေ့)
၁၂။	ထီးနန်းဆက်ခံသောအသက် (၁၆)နှစ်	= မဟာသက္ကရာဇ် (၈၄) ခုနှစ်၊
၁၃။	နန်းစည်းစိမ်ခံစားသောနှစ်	= (၁၃)နှစ်
၁၄။	တောထွက်သောအသက်နှင့် ခုနှစ်	= (၂၉)နှစ် မဟာ သက္ကရာဇ် (၉၇)ခုနှစ်၊
၁၅။	ဒုက္ကရစရိယာကျင့်သောနှစ်	= (၆)နှစ်၊
၁၆။	ဘုရားဖြစ်သော အသက်နှင့် ခုနှစ်	= (၃၅)နှစ်၊ မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊
၁၇။	ဝါတော်	= (၄၅) ဝါ
၁၈။	ပရိနိဗ္ဗာန်စံသောအသက်	= သက်တော်(၈၀)
၁၉။	ပရိနိဗ္ဗာန်ပြုသောခုနှစ်	= မဟာသက္ကရာဇ် (၁၄၈) ခုနှစ် ကဆုန် လပြည့် (အင်္ဂါနေ့)။

(၁၀၇) ဘုန်းတော် (၆) ပါး

၁။ ဣဿရိယ = တရား အပေါင်းကို အစိုးရတော်မူခြင်း၊

၂။ ဓမ္မ = တရား အပေါင်း ကို သိတော်မူခြင်း၊

၃။ ယသ = အခြံအရံနှင့် ပြည့်စုံခြင်း၊

၄။ သိရီ = ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူခြင်း၊

၅။ ကာမ = အလိုတော်ရှိသမျှ ပြီးစေနိုင်ခြင်း၊

၆။ ပယတ္တ = လုံ့လ ဝိရိယနှင့် ပြည့်စုံတော်မူခြင်း။

(၁၀၈) မဂ္ဂင်ရှစ်ပါး

(သောတာပန်ဖြစ်စေသည့် အမှန်တရား (၈) ပါးဟူလို)

ဤနှစ်ပါးသည်	(၁။ သမ္မာဒိဋ္ဌိ	= မှန်ကန်စွာ သိမြင်ခြင်း (သစ္စာ၄ပါး၊
ပညာစခန်း	(၂။ သမ္မာသင်္ကပ္ပ	မှန်ကန်စွာကြံစည် ခြင်းကို သိခြင်း)

ဤသုံးပါးသည် သီလစခန်း	၃။ သမ္မာဝါစာ	= မှန်ကန်စွာ ပြောဆိုခြင်း။
	၄။ သမ္မာကမ္မန္တ	= မှန်ကန်စွာပြု လုပ်ခြင်း။
	၅။ သမ္မာအာဇီဝ	= မှန်ကန်စွာ အသက်မွေးမြူ ခြင်း။
ဤတပါးသည် သီလ၊ သမာဓိပညာ စခန်း	၆။ သမ္မာဝါယာမ	= မှန်ကန်စွာ လုံ့လ သုတ် ခြင်း။
ဤနှစ်ပါးသည် သမာဓိစခန်း	၇။ သမ္မာသတိ	= မှန်ကန်စွာ အောက်မေ့ ခြင်း။
	၈။ သမ္မာ-သမာဓိ	= မှန်ကန်စွာ စိတ်တည်တံ့ ခြင်း။

(၁၀၉) မတိုင်ပင်အပ်သူ (၈) ယောက်

၁။ ရာဂစရိတ = ရာဂစရိုက်ထူပြောသူ၊

၂။ ဒေါသစရိတ = ဒေါသ အမျက်ထွက် လွယ်တတ်သူ၊

၃။ မောဟစရိတ = မိုက်မဲတွေဝေသူ - အကြံတုံး ဉာဏ်တုံးသူ၊

၄။ မာနစရိတ = မာန်မာန ထောင်လွှားသူ၊

၅။ လုဒ္ဒ = လောဘရမ္မက်ကြီးသူ၊

၆။ အလသ = ပျင်းရိသူ၊

၇။ ဧကစိန္တ = တယောက်တည်း ကျိတ်၍ လုပ်တတ်သူ၊

၈။ ဗာလ = လူမိုက်၊ လူရမ်းကား၊ လူ့တစောက်ကန်း ဖြစ်သူ။

(၁၁၀) မထေမဲ့မြင်ပြုခြင်းခံရတတ်သူ (၁၀) ဦး

၁။ လင်ကွာလင်သေသော မိန်းမ၊
၂။ အားအင်ဗလ နည်းပါးသူ၊
၃။ ဆွေမျိုးမိတ်သင်္ဂဟ မရှိသူ၊
၄။ အစားအသောက်ကြီးသူ၊
၅။ မကောင်းသော မိတ်ဆွေနှင့် ပေါင်းဖော်သူ၊
၆။ ပစ္စည်းဥစ္စာ မရှိသူ၊
၇။ ကိုယ်ကျင့်သီလ မရှိသူ၊
၈။ ကိစ္စကြီးငယ်၌ မေ့လျော့တတ်သူ၊
၉။ အနာရောဂါ ထူပြောသူ။
၁၀။ အပျင်းထူသူ။

(၁၁၁) မိတ်ဆွေ၏အပြစ် (၇) ပါး

၁။ လျှို့ဝှက်အပ်သော အကြောင်းအရာကို ဖွင့်ဟခြင်း၊
၂။ အထောင်းအရမ်း များခြင်း၊
၃။ ရက်စက် ကြမ်းကြုတ်ခြင်း၊
၄။ စိတ်မတည်ကြည်ခြင်း၊
၅။ ဒေါသကြီးခြင်း၊
၆။ မပြောင့်မှန်ခြင်း၊
၇။ လောင်းကစား အပျော်အပါးများခြင်း။

(၁၁၂) မိစ္ဆာတယ်တပါး

သတ္တဝါတို့အား လောင်းကျွမ်း ပျက်စီးနေသော
တရား(၁၁) ပါး

၁။ ဒေါသမီး — ပြစ်မှား ပုတ်ခတ်ခြင်း၊
၂။ မောဟမီး = အမှန်မသိခြင်း၊
၃။ ရာဂမီး — အလိုရမ္မက်ကြီးခြင်း၊
၄။ ဇာတိမီး — ပဋိသန္ဓေနေခြင်း၊
၅။ ဇရာမီး — အိုခြင်း၊
၆။ မရဏမီး — သေခြင်း၊
၇။ သောကမီး — စိုးရိမ်ပူဆွေးခြင်း၊
၈။ ပရိဒေဝမီး — ငိုကြွေးရှိက်ငင်ခြင်း၊
၉။ ဒုက္ခမီး — ကိုယ်ဆင်းရဲခြင်း၊
၁၀။ ဒေါမနဿမီး — စိတ်ဆင်းရဲခြင်း၊
၁၁။ ဥပါယာသမီး = ပြင်းပြစွာစိတ်နှလုံးပူလောင်ခြင်း၊

☆

(၁၁၃)။ မေတ္တာအကျိုး (၁၁) ပါး

မေတ္တာတရား ပွားများသူများ မျက်မှောက် ခံစားရသော
အကျိုး (၁၁)ပါး

၁။ ကောင်းစွာ အိပ်ရခြင်း၊
၂။ ကောင်းစွာ နိုးရခြင်း၊
၃။ ကောင်းသော အိပ်မက်ကို မြင်မက်ရခြင်း၊
၄။ လူများ ချစ်မြတ်နိုးခြင်း၊
၅။ နတ်တို့ချစ်မြတ်နိုးခြင်း၊
၆။ နတ်တို့ ကောင်းစွာ စောင့်ရှောက်ခြင်း၊
၇။ မီးလက်နက်၊ အဆိပ် စသည်တို့နှင့် မနှိပ်စက်နိုင်ခြင်း၊
၈။ စိတ်တည်ကြည်ခြင်း၊
၉။ မျက်နှာအဆင်း တင့်တယ်ခြင်း၊
၁၀။ မတွေမဝေသေရခြင်း၊
၁၁။ သေသော် ဗြဟ္မာ့ပြည်သို့ လားရခြင်း။

☆

(၁၁၄။) မင်္ဂိုလ်မရထိုက်သူ (၁၆)ဦး

၁။ တိရစ္ဆာန်၊
၂။ ပြိတ္တာ၊
၃။ အသူမှားယွင်းသူ၊
၄။ စဉ်းလဲကောက်ကျစ်သူ
၅။ အမိအရင်းကိုသတ်သူ၊
၆။ အဖအရင်းကို သတ်သူ၊
၇။ ရဟန္တာကို သတ်သူ၊
၈။ သံဃာကို သင်းခွဲသူ၊
၉။ ဘုရားကိုသွေးစိမ်းတည်စေသူ၊
၁၀။ ရဟန်းအသွင်ကို ခိုးသူ၊
၁၁။ တိတ္ထိသို့ ပြောင်းရွှေ့နေထိုင်သူ၊
၁၂။ ဘိက္ခုနီမကို ဖျက်ဆီးသူ၊
၁၃။ သံဃာဒိသိသ်အာပတ်သင့်သော ရဟန်း၊
၁၄။ ပဏ္ဍုတ်ငါးမျိုး၌ ပါဝင်သူ၊
၁၅။ ဥဘတောဗျည်းခေါ် အင်္ဂါဇာတ် နှစ်မျိုးပါရှိသူ၊
၁၆။ ခုနစ်နှစ်အောက် ငယ်ရွယ်သူ၊

(၁၁၅) လောက (၃)ပါး

၁။ ဩကာသလောက = ရေ မြေ တော တောင် သမုဒ္ဒရာ ကောင်းကင် တည်နေရာ၊

၂။ သတ္တလောက = သတ္တဝါတို့၏ အစု အပေါင်း၊

၃။ သင်္ခါရလောက = ဖြစ်၊ ပျက်၊ ပြုပြင်၊ ပြောင်းလဲခြင်းတရားများ၊

(၁၁၆) လောကဓံတရား (၈)ပါး

၁။ လာဘော = လာဘ်ရခြင်း၊

၂။ အလာဘော = လာဘ်မရခြင်း၊

၃။ ယသော = အခြွေအရံပေါခြင်း၊

၄။ အယသော = အခြွေအရံနည်းခြင်း၊

၅။ နိန္ဒာ = ကဲ့ရဲ့ခြင်း၊

၆။ ပသံသာ = ချီးမွမ်းခြင်း၊

၇။ သုခံ = ချမ်းသာခြင်း၊

၈။ ဒုက္ခံ = ဆင်းရဲခြင်း၊

(၁၁၇) ဝိဇ္ဇာ(၃)ပါး

၁။ ပုဗ္ဗေနိဝါသဉာဏ် = သတ္တဝါတို့၏ ရှေးရှေး ဘဝ၌ ဖြစ်ပျက်ခဲ့ဘူးသည့် ဖြစ်စဉ်ကို သိနိုင်သောဉာဏ်၊

၂။ ဒိဗ္ဗ စက္ခုဉာဏ် = နတ်မျက်စိကဲ့သို့ မြင်နိုင်သော ဉာဏ်၊

၃။ အာသဝက္ခယဉာဏ် = ပူပန်စေတတ်၊ နှိပ်စက်တတ် သော ကိလေသာတို့ကို ကုန်ခမ်းစေနိုင်သောဉာဏ်၊

(၁၁၈) ဝိဇ္ဇာ (၈)ပါး

၁။ ဒိဗ္ဗစက္ခုဉာဏ် = နတ်မျက်စိ ကဲ့သို့ မြင်နိုင်သော ဉာဏ်၊

၂။ ဒိဗ္ဗသောတဉာဏ် = နတ်နားကဲ့သို့ ကြားနိုင် သော ဉာဏ်၊

၃။ ဣဒ္ဓိဝိဓဉာဏ် = အထူးထူးသော အံ့ဘွယ် ဖြစ်သည့် တန်ခိုး တော် များကို ပြနိုင်သော ဉာဏ်၊

၄။ စေတောပရိယဉာဏ် = သတ္တဝါတို့၏ စိတ်ကို သိစေနိုင်သောဉာဏ်၊

၅။ အာသဝက္ခယဉာဏ် = ပူပန်စေတတ်သော ကိလေသာတို့ကို ကုန် ခမ်း စေ နိုင် သော ဉာဏ်၊

၆။ မနောမယိဒ္ဓိဉာဏ် = စိတ်အလိုတော်အတိုင်း သိစေနိုင်သော ဉာဏ်၊

၇။ ဝိပဿနာဉာဏ် = ဖြစ်ဖြစ်သမျှတရားတို့၏မမြဲခြင်း၊ ဆင်းရဲခြင်း၊ အနှစ်သာရမရှိခြင်းတို့ကို ပိုင်းခြားသိမြင်၍ မဂ်အစရှိသော ဈာန်တရားတို့ကို ရှေးရှုတော်မူနိုင်သောဉာဏ်။

★

(၁၁၉) ဝိသုဒ္ဓိတရား (၇)ပါး
(စင်ကြယ်မြင့်မြတ်မှု တရား ၇-ပါး)

၁။ သီလဝိသုဒ္ဓိ	=	အကျင့်သီလ စင်ကြယ်မှု၊
၂။ စိတ္တဝိသုဒ္ဓိ	=	စိတ်၏စင်ကြယ် တည်ကြည်မှု၊
၃။ ဒိဋ္ဌိဝိသုဒ္ဓိ	=	အယူအမြင် စင်ကြယ်မှု၊
၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ	=	ယုံမှားခြင်းမှ စင်ကြယ်မှု၊
၅။ မဂ္ဂါမဂ္ဂဉာဏဒဿန	=	မဂ်ဟုတ်မဟုတ်ကို ဉာဏ်အမြင် စင်ကြယ်မှု၊
၆။ ပဋိပဒါဉာဏဒဿန	=	မဂ်သို့ ရောက်ကြောင်း အကျင့်ကောင်း၌ဉာဏ်အမြင်စင်ကြယ်မှု၊
၇။ ဉာဏဒဿနဝိသုဒ္ဓိ	=	သစ္စာလေးချက်၊ (၁၆)ချက်ကို၊ ထက်မြက်စင်ကြယ်စွာ သိသော ဉာဏ်၊

(၁၂၀) သစ္စာ (၄)ပါး

၁။ ဒုက္ခသစ္စာ	=	ခန္ဓာငါးပါး၏ ဆင်းရဲခြင်း အစစ် အမှန် တရား၊
၂။ သမုဒယသစ္စာ	=	ထိုဆင်းရဲခြင်းကို ဖြစ်စေတတ်သော အကြောင်းတရား၊
၃။ နိရောဓသစ္စာ	=	ဆင်းရဲဒုက္ခအပေါင်းမှ အကြွင်းမရှိ ချုပ်ငြိမ်းမှုတရား၊
၄။ မဂ္ဂသစ္စာ	=	ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ လမ်းကောင်းလမ်းမှန်တရား၊

(၁၂၁) သစ္စာအနက် (၁၆)

(က) ဒုက္ခသစ္စာ-အနက် (၄) ချက်

၁။ ပီဠနဋ္ဌော = မိမိကိုနှိပ်စက်ညှဉ်းဆဲ၍ ပီဠနဓာတ်ပုံ၊ သဘောဝါ ဝါကိုအမြဲ၊ သုံးဖြာဒုက္ခ၊ ဖြစ်ပေါ် ကြလျက်၊ ဒုက္ခဖြတ်ရိုက်၊ ကြောင်းနိမိတ် ဖြင့်၊ ကြိတ်ကြိတ်နှင်းနှင်း၊ နှိပ်စက်ခြင်း-အနက်သဘောလည်း တပါး။

၂။ သင်္ခတဋ္ဌော = သမုဒယဟိတ်၊ ကြောင်းမဆိတ် သဖြင့်၊ ကံ၊စိတ်၊ဥတု၊ ဟာရစု တို့၊ အမှုတည်ထွင်၊ ပြုစီရင်အပ် သော အနက် သဘောလည်း တပါး။

၃။ သန္တာပဋ္ဌော = မင်္ဂမြတ် ရေစင်၊ နှိုင်းစာလျှင် သော်၊ပူပင်ပြင်းပြ၊လောင်ကျွမ်း ရခြင်း- အနက် သဘောလည်း တပါး။

၄။ ဝိပရိဏာမဒွေ = နိဗ္ဗာန် နန်းသာ၊ စခန်း ကွာ အောင်၊ ဇရာရဏ၊ နှစ်ဌာနဖြင့်၊ ကာလ အရှည်၊ မတည် နိုင်မြဲ၊ ယိုင်လဲဖောက်ရခြင်း အနက် သဘောလည်း တပါး။

(ခ) သမုဒယသစ္စာအနက် (၄)ချက်

၁။ အာယူဟနဋ္ဌော = လောကီအာရုံ၊ အဖုံဖုံဝယ်၊ခုံမင် ပြန့်မှု၊ ဒုက္ခထုကို၊ လုံယက်ကြိုး စား စုပေါင်းခြင်း အနက်သ ဘောလည်း တပါး။

၂။ နိဒါနဋ္ဌော = ဒုက္ခ ချင်း စပ်၊ မကင်း လပ် အောင်၊ နှင်းအပ်သည့် အနေ ဖြစ်စေခြင်း အနက် သဘော လည်း တပါး။

၃။ သံယောဂဋ္ဌော = ဝဋ်ဒုက္ခမှ၊ မလွတ်ရအောင်၊ ဖွဲ့ နှောင်မြှေးယှက်ခြင်း အနက်သ ဘောလည်း တပါး။

၄။ ပလိဗောဓဋ္ဌော = ဝဋ်မှထွက်သွား၊ မဂ်ရထားကို ဖျက်ထား ကန့်ကွက်၊ နှောင့် ယှက်ခြင်း အနက်သဘောလည်း တပါး။

(ဂ) နိရောဓသစ္စာအနက် (၄)ချက်

၁။ နိဿရဏဋ္ဌော = ဒုက္ခဖန်ခါ၊ သံသရာမှာ ခန္ဓာ ခေတ်သိမ်း၊ လွတ်ငြိမ်း ထွက် မြောက်ခြင်း အနက် သဘော လည်းတပါး။

၂။ ဝိဝေကဋ္ဌော = တဏှာ အပေါင်း၊ တွယ်တာ ကြောင်းမှ၊ ကောင်း ကောင်း လွတ်ကင်း၊ ဆိတ်ငြိမ်ခြင်းအနက် သဘောလည်း တပါး။

၃။ အသင်္ခတဋ္ဌော = ကံစိတ်တခုဟာ၊ ကြောင်းများ စွာတို့၊ ဘဟာတခု၊ မပြုမပြင်၊ မစီရင်လျှင်း အကြောင်းကင်း သော အနက် သဘောလည်း တပါး။

၄။ အမတဋ္ဌော = နဂိုရှိအနေ၊ အိုသေမရှိ။ ပကတိ ခိုင်မြဲသော အ နက် သ ဘော သည်းတပါး။

(ဃ) မဂ္ဂသစ္စာအနက် (၄)ချက်

၁။ နိယျာနဋ္ဌော = သံသရာဒုက္ခ ရှုပ်သမျှမှ၊ မုချ ထွက်ကြောင်း၊ ဖြစ်သော အနက် သဘောလည်း တပါး။

၂။ ဟေတုဋ္ဌော = နိဗ္ဗာနဓာတ်၊ အမြိုက် ရပ်သို့၊ ဆိုက် ကပ် ရန် အ ကြောင်း အနက်သဘောလည်း တပါး။

၃။ ဒဿနဋ္ဌော = သစ္စာလေးတန်၊ မြိုက်နိဗ္ဗာန်ကို၊ အမှန်ထင်လင်း၊ မြင် နိုင် ခြင်း အနက်သဘောလည်းတပါး။

၄။ အဓိပတေယျဋ္ဌော = လေးတန် သစ္စာ၊ မြင်ဘို့ရာနှင့် ကိလေသာမီး၊ အပူကြီးကို၊ အငြိမ်း ငြိမ်းမှု၊ ကိစ္စခုဝယ်၊ ချယ်လှယ် လွှမ်းမိုး အုပ်စိုးနိုင်ခြင်း အနက် သဘောလည်း တပါး။

(၁၂၂) သည်းခံခြင်း အကျိုးတရား (၅) ပါး

၁။ လူအများ ချစ်ခင်ခြင်း၊
၂။ ဘေးရန်ကင်းခြင်း၊
၃။ အပြစ်မရှိခြင်း-
၄။ မတွေမဝေသေရခြင်း၊
၅။ နတ်ရွာသုဂတိသို့ လားရခြင်း။

(၁၂၃) သမ္ပဇဉ်တရား (၄) ပါး

(ဉာဏ်အမြင်တရား လေးပါး)

၁။ သတ္ထကသမ္ပဇဉ် =အမှုကိစ္စ ပြုလုပ်ရာ၌ အကျိုးရှိမရှိကို သိတတ်သောဉာဏ်။

၂။ သပ္ပါယ သမ္ပဇဉ် = အမှုကိစ္စ ပြုလုပ်ရာ၌ မိမိနှင့် လျော်ကပ်သည်၊ မလျော်ကပ်သည်ကို သိသောဉာဏ်။

၃။ အသမ္မောဟသမ္ပဇဉ် = အမှုကိစ္စ ပြုလုပ်ရာ၌ မမှားမယွင်းစေရန် မပြတ်သတိရှိစေသောဉာဏ်၊

၄။ ဂေါစရသမ္ပဇဉ် = သွားလာ ကျက်စားရာ၌ တိမ်းပါးချွတ်ချော်မှု မဖြစ် စေရန် သိတတ်သောဉာဏ်။

(၁၂၄) သူတော်ကောင်းဥစ္စာ (၇)ပါး

၁။ သဒ္ဓါ = ရတနာသုံးပါး၌ ယုံကြည်ခြင်း၊
၂။ သီလ = သီလဆောက်တည်ခြင်း၊
၃။ သုတ = အကြားအမြင်များခြင်း၊
၄။ စာဂ = ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊
၅။ ပညာ = သစ္စာလေးပါးကို သိမြင်ခြင်း၊ ပိုင်းခြား ဝေဖန် တတ်သော အသိရှိခြင်း၊
၆။ ဟိရီ = မကောင်းမှုမှ ရှက်ခြင်း၊
၇။ ဩတ္တပ္ပ = မကောင်းမှုမှကြောက်ခြင်း။

(၁၂၅) သေခြင်းတရား (၄) ပါး

၁။ အာယုက္ခယ = သက်တမ်းစေ့၍ သေခြင်း။
၂။ ကမ္မက္ခယ = သက်တမ်းမစေ့မီ ကံကုန်၍ သေခြင်း။
၃။ ဥဘယက္ခယ = သက်တမ်းလည်းစေ့၊ ကံလည်း ကုန်၍ သေခြင်း၊
၃။ ဥပစ္ဆေဒက = သက်တမ်းလည်းမစေ့၊ ကံလည်း မကုန်မီ အကုသိုလ် တပါးပါး ကြောင့် သေရခြင်း။

[၁၂၆] အလိုလိုက်ရာသည် (၁၃) ဦး

(ကြီးပွားတိုးတက်ရေးအတွက် သူ့အလို လိုက်အပ်သည်ဟူလို)

၁။ အဆွေခုငပွန်းကို နှလုံးဖြောင့်မတ်သဖြင့်ရှင်း၊

၂။ ရန်သူကို ဥပါယ်ဘမျဉ်ဖြင့်ရှင်း၊

၃။ အလိုရမ္မက်ကြီးသူကို ဥစ္စာပေးသဖြင့်ရှင်း၊

၄။ အစိုးရသူကို သူ့အမှု ဆောင်ရွက်ပေးခြင်းဖြင့်ရှင်း၊

၅။ ရသေ့ရဟန်းတို့ကို ရိုသေခြင်းဖြင့်ရှင်း၊

၆။ သတိုးသမီးကို ချစ်မြတ်နိုးခြင်းဖြင့်ရှင်း၊

၇။ လက်အောက်ငယ်သားတို့အား မျှတသော ဂုဏ်ကျေးဇူး
ဖြင့်ရှင်း၊

၈။ ဒေါသမျက်မာန်ကြီးသူကို ချီးမွမ်းခြင်းဖြင့်ရှင်း၊

၉။ ဆရာကို ရှိခိုးရိုသေခြင်းဖြင့်ရှင်း၊

၁၀။ သူမိုက်ကို လိုက်လျောသော စကားဖြင့်ရှင်း၊

၁၁။ ပညာရှိကို အတတ်ပညာပေးခြင်းဖြင့်ရှင်း၊

၁၂။ အစားကြူးသူကို အရသာပေးခြင်းဖြင့်ရှင်း၊

၁၃။ အလုံးစုံသောသူတို့ကို အကျင့်သီလဖြင့်ရှင်း အလိုသို့လိုက်
ရာ၏။

(၁၂၇) အလှူခံတကျိပ်လေး

၁။ ဘုရားသခင် = ၁ ပါး

၂။ ပစ္စေကဗုဒ္ဓါ = ၁ ပါး

၃။ မဂ္ဂဋ္ဌာန် = ၄ ယောက် = မဂ်၌ ကျင့်ဆဲပုဂ္ဂိုလ်

၄။ ဖလဋ္ဌာန် = ၄ ယောက် = ဖိုလ်လေးပါး၌ တည်ဆဲပုဂ္ဂိုလ်၊

၅။ ဗျာဒ်ိရ ရသေ့ ပရိဗိုဇ် = ၁ ပါး

၆။ ပုထုဇဉ် သီလဝန္တ = ၁ ဦး-ငါးပါးသီလမြဲသူ

၇။ ဒုဿီလ = ၁ ဦး-အကျင့်မရှိသူ

၈။ တိရစ္ဆာန် သတ္တဝါ = ၁ မျိုး

အလှူခံပေါင်း ၁၄ ယောက်

မှတ်ချက်။ ။(၃) နှင့် (၄)ကို ပေါင်း၍ အရိယာ သာဝက(၈)ပါးဟုလည်း ခေါ်သည်။

(၁၂၈) ဣန္ဒြေ(၆)ပါး သိုမဟုတ် အာရုံ(၆)ပါး

မကောင်းသော အာရုံတို့ကို ပိတ်ပင်ရန် တံခါး

(၆) ပေါက်

၁။ စက္ခု	= မျက်စိ	= ရူပါရုံ	= ရုပ်အဆင်း၊
၂။ သောတ	= နား	= သဒ္ဒါရုံ	= အသံ၊
၃။ ဃာန	= နှာခေါင်း	= ဂန္ဓာရုံ	= အနံ့၊
၄။ ဇိဝှါ	= လျှာ	= ရသာရုံ	= အရသာ၊
၅။ ကာယ	= ကိုယ်ခန္ဓာ	= ဖောဋ္ဌဗ္ဗါရုံ	= အတွေ့အထိ၊
၆။ မန	= စိတ်	= ဓမ္မာရုံ	= တရားအာရုံ၊

(၁၂၉) အောင်ခြင်း (၈) ပါး

၁။ မာရ်နတ်မင်း၊

၂။ အာဠဝက ဘီလူးမင်း၊

၃။ နာဠာဂီရိ ဆင်မင်း၊

၄။ အင်္ဂုလိမာလ သူခိုးကြီး၊

၅။ မိန်းမယုတ် ဇိဉ္စမာန၊

၆။ သစ္စက ပရိဗိုဇ်၊

၇။ နန္ဒောပနန္ဒ နဂါးမင်း၊

၈။ ပက ဗြဟ္မာမင်းတို့၏ ရန်သို မြတ်စွာ
ဘုရားသည် အောင်မြင်တော်မူခြင်း။

(၁၃၀) အောင်နိုင်ခြင်းတရား (၅) ပါး

၁။ အမျက်ထွက်သူကို အမျက်မထွက်သဖြင့် အောင်နိုင်ခြင်း။

၂။ မကောင်းယုတ်မာသူကို ကောင်းသဖြင့် အောင်နိုင်ခြင်း။

၃။ စေးနှဲတွန့်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ခြင်း။

၄။ သစ္စာမဲ့သူကို မှန်ကန်တော်ပြောခြင်းဖြင့် အောင်နိုင်ခြင်း။

၅။ ခပ်သိမ်းသော မကောင်းမှုတို့ကို ကုသိုလ် တရားဖြင့် အောင်နိုင်ခြင်း။

ဤစာအုပ်

အချိန်ကို လု၍ စိစဉ်လိုက်ရပါသဖြင့် ဤစာအုပ်တွင် အမှားအယွင်း အနည်းငယ် ပါရှိသွားပါသည်။ ယင်းအတွက် စာရေးသူ၌ တာဝန်မဟုတ်ဘဲ၊ ထုတ်ဝေသူ၌သာ တာဝန် ရှိကြောင်း စာရှုသူအား လေးစားစွာ ဖော်ပြ အပ်ပါသည်။

အောင်လွင်ဦး

ထုတ်ဝေသူ

ပင်လုံစာပေ

မန္တလေး(ဦးဝင်းလှိုင်)

၏

စကားပုံတရာ ပုံတရာ

တတိယ အကြိမ်

၁၉၇၇-ခု ဂျူလိုင်လတွင် ဆက်ဆက်ထွက်မည်

* စကားပုံစာအုပ်များထဲတွင် လိုင်းအစုံလင်ဆုံးဖြစ်သည်။

* သရုပ်ပြပုံပေါင်း-၁၀၀ ပါဝင်သည်။
အခန်းပေါင်း ၁၂-ခန်းဖြင့် သေသေ သပ်သပ် ကဒ်ထူဖုံး
နှင့် ၁၂ ပေါင်ခွဲ၊ တန်ဖိုး- ၅ကျပ်။

* ကျောင်းသူ/ကျောင်းသားများ၊ ဆရာ-ဆရာမ များနှင့်
ဆုပေးရန်အကောင်းဆုံးစာတအုပ်။

* အုပ်ရေ(၃၀၀၀)သာရသဖြင့် အမြန်မှာပါ။

ကိုယ်စားလှယ်များနှင့် စာဖတ်ပရိသတ်၏
တိုက်တွန်းတောင်းဆိုချက်
အရ

မန္တလေး (ဦးမင်းညွှန့်)
က

စကားပုံတာရာ

ပုံတာရာ

အမှတ် (၂)
စီစဉ်နေပါပြီ

ပင်လုံစာပေ

အဋ္ဌမအကြိမ်မြောက်

မန္တလေး (ဦးဝင်းလှိုင်)၏

အအောင်မြင်ဆုံး

ကလေးပညာပေးစာအုပ်

မကြာမီ ထွက်လာဦးမည်

ယဉ်ကျေးမှု

ပဒေသာမှတ်တမ်း

ကြိုတင်မှာမှ စိတ်ချရမည်

ပင်လုံစာပေ

ပင်လုံစာပေတိုက်မှ ဤစာအုပ်

၁။ ဤ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပဒေသာ" စာအုပ်ကို အုပ်ရေ (၄၈၀၀၀) လေးသောင်းကိုးထောင်ရိုက်နှိပ်ရသော "ယဉ်ကျေးမှု ပဒေသာမှတ်တမ်း" စာအုပ် ပြုစုသူ မန္တလေး ဦးဝင်းလှိုင်က ပြုစုထားပါသည်။

၂။ ဤစာအုပ်တွင် စာမျက်နှာ (၂၀၀) ကျော်၊ လေးရောင်ခြယ် ကဒ်ထူဖုံးဖြင့် သေသပ်စွာ ချုပ်လုပ်ထားပါသည်။ အကြောင်းအရာပေါင်း (၂၀၀) ကျော်ကို လွယ်ကူရှင်းလင်းစွာ ဖော်ပြထားပါသည်။

၃။ ဤစာအုပ်သည် ထွက်ပြီးသမျှ အခြေခံ ဘာသာရေး စာအုပ်များထဲတွင် လိုင်းအစုံလင်ဆုံးစာအုပ်ဖြစ်ပါ၏။

၄။ ဤစာအုပ်သည် အခြေခံဘာသာရေး ရိုးရာယဉ်ကျေးမှုများ ပါရှိသဖြင့် ကလေးများနှင့်သာမက လူကြီးများနှင့်ပင် သင့်မသင့်မာတိကာကိုအကဲခတ်စေလိုပါသည်။

ဤစာအုပ်သည်-

* ကျောင်းသူ ကျောင်းသားများအတွက် လက်စွဲ
* ဗုဒ္ဓဘာသာ စာမေ ပွဲနှင့် မင်္ဂလာ စာမေးပွဲဖြေဆိုလိုသူများ၏ စင်တော်ကဒေက်
* ဆရာဆရာမများအတွက် အထောက်အပံ့
* စာကြည့်တိုက်များ၏ လက်ရွေးစင်
* ကျောင်းသားမိဘများအတွက် လက်ဆောင်မွန်
* ကလေးသူငယ်များအားဆုပေးရန်နှင့် လက်ဆောင်ပေးရန် အကောင်းဆုံးစာအုပ်တအုပ် ဖြစ်သည့် အပြင်ဖတ်ရ-မှတ်ရ-သိမ်းဆည်းရမည့် စာတအုပ်ဖြစ်ပါသည်။

ပင်လုံစာပေ